# ကျမချစ်လင်

ဒေါ်ခင်ကြီး

၁၉၃၉ –၄၀ ဗမာပြည်တဝှမ်းလုံး ရေနံမြေသပိတ်၊ ကျောင်းသားသပိတ်တို့မှ ကြီးကျယ်လာသော သခင်များ ခေတ်ထချိန်က ကျမသည် ဆရာဖြစ်သင်ကောလိပ်ကျောင်း၌ ဆရာဖြစ်သင်တန်း တက်နေသူတဦးဖြစ်ခဲ့သည်။ ထိုအခါက နိုင်ငံရေးဟူသော စကားလုံး၏ အဓိပ္ပာယ်ကို ရှင်းလင်းပြတ် သားစွာ မသိနားမလည်ခဲ့ပါ။ နိုင်ငံရေးသမား သခင်များကို လူဟောရမ်း လူသောင်းကြမ်းများ အနေဖြင့် အထင် အမြင်သေးခဲ့သည်။

ဆန်းကြယ်တာကတော့ ဒီအချိန်အခါမှာဘဲ ကျမသည် သခင်ပေါက်စ နိုင်ငံရေးသမားတယောက်နှင့် မေတ္တာသက်ဝင် ချစ်ခင်ခဲ့သည်။

သူကား…မည်သူနည်း…။ ၁၉၃၈–ခုနှစ်၊ ရေနံမြေသပိတ်၊ ကျောင်းသားသပိတ်တို့၌ နာမည်ကြီးခဲ့သော ထောင်ထွက် ကျောင်းသားခေါင်းဆောင် ကိုဗဟိန်းပင် ဖြစ်ခဲ့၏။

သူသည် ကျမတို့အိမ်နှင့် မျက်နှာချင်းဆိုင်၊ ကျမအဒေါ်ပိုင် နှစ်ထပ်အိမ်ကလေး၌ သူ့ညီများနှင့်လာရောက်ငှားရမ်းနေခဲ့သည်။ ထိုအချိန်က သူသည် ကောလိပ်ကျောင်းသားတယောက်ဖြစ်နေလေသည်။

သူနှင့်ခင်မင်ရင်းနှီးလာသောအခါ သူ၏တည်ငြိမ်၍ မြင့်မြတ်သော စိတ်ထား၊ ယဉ်ကျေးသိမ်မွေ့သော အပြောအဆို အမူအရာ များကို မြင်ရသဖြင့် ဒီနိုင်ငံရေးသမားကတော့ အဆန်းဘဲလို့ အောက်မေ့မိခဲ့သည်။

သူ၏ရုပ်ရည်ကား နူးညံ့ပျော့ပျောင်း၏။ သို့သော် ပင်နီဖျင်ကြမ်းအပေါ်အင်္ကျီ၊ ပုဆိုးဒူးဖုံး၊ ပုသိမ်ထီး ချိုင်းကြားညှပ်ကာ သူ့ကို မြင်ရတိုင်း ရင်လေးမိသည်။ တညနေမှာ သူနှင့်ကျမတို့ ဆရာဖြစ်သင်ကျောင်း ဧည့်ခန်း၌ ရှေ့နေရေးထိုင်ရေးများကို ဆွေးနွေးတိုင်ပင်ခဲ့ကြ၏။ ဒီအခါတုံးက ကျမသူငယ်ချင်းများက နင်တော့နိုင်ငံရေးသမား ယူရင် မကြာခင်ပင်နီအင်္ကျီဝတ်ရမှာဘဲလို့ ပြောဆိုခဲ့သေးသည်။ ဒီတော့ ကျမက ကိုယ့်အဝတ်အစားကို ချုပ်ချယ်လို့…ဘာရမလဲလို့ ပြန်ပြောလိုက်တယ်။ ဒီအကြောင်းကို သူ့ကိုပြောပြလိုက်ပါသည်။ သူလည်း အတော်သဘောကျသော ပြုံးရယ်ခြင်းဖြင့် နိုင်ငံရေးနှင့်…လုချင်တာ တခြားစီပါလို့ … အဖြေပေးသည့်အတွက် ကျမလည်း အတော်သဘောကျမိသည်။

သူ အများဆုံးသုံးသော စကားများမှာ “ကိုယ်ကတော့ တိုင်းပြည်နဲ့ လူမျိုးအတွက် တသက်ပတ်လုံး ကြိုးပမ်းဆောင်ရွက်မှာဘဲ”…ဟူသောစကားပင် ဖြစ်ပါသည်။ ကျမနှင့်ပတ်သက်၍ သူ့ချစ်ဇနီးအနေနှင့် သူ့လုပ်ငန်းများကို ကိုယ်ထိလက်ရောက် မကူညီနိုင်စေကာမူ သူ့အလုပ်ကို အနှောင့် အယှက်မပေးလျှင် ကြေနပ်ပါမည်ဟု ပြောပါသည်။

နိုင်ငံရေးစိတ်ဓာတ်သွင်းပေးခဲ့၏။ ကျမတို့လက်ထပ်ပြီး၍ အိမ်ခွဲနေခဲ့ကြသည်မှာ ၆ လခန့် ရှိခဲ့ကြလေပြီ။ ကျမတို့အိမ်ခွဲနေကြသည့်နေ့မှစ၍ သူ့မိတ်ဆွေ ၄ – ၅ ယောက်မှာ ကျမတို့နှင့်အတူ လာ၍နေကြသည်။ အိမ်ထောင့်တာဝန်ဖြစ်သော ချက်ပြုတ်ကျွေးမွေးရခြင်း၊ တအိမ်သားလုံး၏ အဝတ်အစားများကို ဖွတ်လျှော်ပေးရခြင်းတို့ဖြင့် မအားရပေ။

အမောပြေဆေး။ အမောပြေဆေးမှာ အဆန်းမဟုတ်ပါ။ ဘယ်ကပြန်လာလာ အိမ်အဝင်ဝမှ ခင်ရေခေါ်လိုက်သော သူ့အသံနှင့် ကိုယ့်မိန်းမတော့ မောနေပြီထင်တယ်။ ကိုဟိန်းဘာလုပ်ပေးရမလဲစသည့်… ကရုဏာနှင့်ပြည့်ဝသော စကားပင်ဖြစ်၏။

တညနေမှာ သူအိမ်သို့စောစော ပြန်လာသည်။ မိတ်ဆွေတယောက်က တအိမ်သားလုံးကို ညစာကျွေးမည့် အကြောင်း ပြောပြ၏။ ဒီညနေမှာဘဲ သူနှင့်ကျမတို့ ကမ္ဘာ့ အလုပ်သမားနေ့ဖြစ်တဲ့ မေဒေးစီတန်းလှည့်လည်ပွဲသို့ သွားကြ၏။ မေဒေးတရားပွဲမှ မေဒေး ဘယ်ကဲ့သို့ ဖြစ်ပေါ်လာရပုံကို ရှေးဦးစွာ ကြားရ၏။ ကြီးမားသော လူထုကြီးကို တွေ့မြင်ရ၏။ အမျိုးသားသီချင်းကို ပထမဦးစွာ ကြားရဘူး၏။ အလုံပန်းခြံမှ ပုဇွန်တောင် လိပ်ကန်ပန်းခြံအထိ၊ စီတန်းလှည့်လည်ကြ၏။ ထို အင်အားပြပွဲ၌ သူနှင့်ကျမ လက်တွဲပါခဲ့ရ၏။ လမ်းတလျှောက်လုံး ဟစ်အော်ကြွေးကြော်ကြသော ဇာတိမာန်၊ ဇာတိသွေး တက်ကြွဘွယ်ရာကောင်းသည့် ကြွေးကြော်သံများကို ကြားရသဖြင့် ကျမ အဖို့ ဖိန်းကနဲရှိန်းကနဲ ဖြစ်သွားမိတော့သည်။

နောက်တနေ့သတင်းစာများ၌ “မေဒေး လှည့်လည်ပွဲသို့ ပါဝင်သည့် တဦးတည်းသော အမျိုးသမီးမှာ သခင်ဗဟိန်း၏ ဇနီးဖြစ်သည်”ဟု ပါရှိလာလေသည်။ ၄င်းသတင်းကို မိဘတွေ တွေ့ရှိ၍ ကျမကို ဆဲရေးကြိမ်းမောင်းကြတော့၏။

အခါတိုင်း အကြိမ်းအမောင်းခံရသည့်အခါ မျက်ရည် တဝဲဝဲဖြစ်တတ်သော ကျမအဘို့ ဤအကြိမ် မည်သို့မျှ မတုန်လှုပ်တော့ ပေ။

အကဲ့ရဲ့ရှိက အချီးမွမ်းရှိ၏။ ချီးမွမ်းသည့်သူမှာ အခြားသူမဟုတ်ဘဲ ကျမချစ်လင်ပင်ဖြစ်၏။ လူကြီးမိဘများ အကြိမ်းအမောင်းကို ခံနိုင်ရည်ရှိခြင်းနှင့် မေဒေးလှည့်လည်ပွဲမှာ လိုက်ပါလာသော အမျိုးသမီးမှာ ကိုဗဟိန်းဇနီးဘဲဆိုတာကိုတော့ ဂုဏ်ယူမိတယ်ဟု ပြော၏။

ခင်ရေ… ခင့်ဘို့ ကိုဟိန်းလက်ဆောင်တခုတော့ ဝယ် လာတယ် ဆိုသောသူ့အသံကို ရေချိုးခန်းမှ အဝတ်လျှော်နေရင်း ကြားရ၏။ ကျမထင်တာကတော့ ကျမကြိုက်တတ်သော အစား များလား၊ ဒါမှမဟုတ်ရင် ကျမနှစ်သက်သော အဝတ်အစား များလား ဟုထင်မိ၏။ သို့သော်… သူ့လက်ဆောင်ကား… ကျမအတွေးနှင့်လုံးဝမသက်ဆိုင်။

လက်ဆောင်ကောင်းမှာ ဆိုဗီယက် အမျိုးသမီးများ၏ တိုင်းရေးပြည်ရေး ဆောင်ရွက်ခဲ့ကြပုံများကို ရေးသားထားသည့် (Soviet Women)ခေါ် ဂျာနယ်တစောင်ဖြစ်၏။ ဂျာနယ်ကို သူနှင့် ကျမအတူတွဲဘတ်၏။ သူကအချို့နေရာများကို အကျယ်ချဲ့၍ ရှင်းပြ၏။ ဘတ်ပြီးလျှင် ဘာသာပြန်ဘို့ ပြော၏။ ဘာသာပြန်ပြီး စနေနေ့ဂါနီ ဂျာနယ်၌ ထည့်ပေးခဲ့၏။

တဆင့်တက်ပြန်ပြီ။ ၁၉၄၁– ခုနှစ် အမျိုးသား အောင်ပွဲနေ့ အထိမ်းအမှတ် တရားပွဲကို ပုဇွန်တောင် မြူနီစပါယ် ကျောင်း၌ ကျင်းပပြုလုပ်သည်။ ကျမချစ်လင် ကိုဗဟိန်းသည် ကျမကို အမျိုးသားအောင်ပွဲနေ့ တရားပွဲ၌ ဆိုဗီယက် အမျိုးသမီး များ၏ အမျိုးသားရေးကြိုးပမ်းမှုများကို အဟောခိုင်းခဲ့၏။ သူခိုင်းသည့်အတွက် ကျမလည်း ဟောခဲ့ရ၏။ ကံကောင်းတာ ကတော့ ဒီအခါ ကျမလည်း မဟောတတ်မပြောတတ်။ ကျမ စကားပြောဘို့ အလှည့်ကျမှ အသံချဲ့စက် ပျက်သွား၍ ကျမ ဟောပြောတဲ့အထဲမှာ အဆီအငေါ် မတည့်သော ဟောပြောချက် များကို ပရိသတ်မကြားရပေ။ သို့သော် ကျမချစ်လင်ကား အတော်သဘောကျလျှက် ရှိနေခဲ့သည်။

သခင်မ မခင်ကြီး။ များမကြာမီ မြေနီကုန်း ဒို့ဗမာ အစည်းအရုံးဥက္ကဋ္ဌ သခင်ဗဟုန်ထံ နှစ်ယောက်အတူသွား၍ ပိုက်ဆံရစ်ပဲပေးကြကာ ဒို့ဗမာအစည်းအရုံးဝင် အဖြစ် သွင်းခဲ့ သည်။ ထိုနေ့မှစ၍ သခင်ဗဟိန်း၏ဇနီး သခင်မ မခင်ကြီး ဖြစ်လာ လေတော့သည်။

၁၉၄၁–ခု၊ ဥရောပတခွင်၌ ဒုတိယကမ္ဘာစစ်မီးကြီးကား အရှိန်ပြင်းစွာတောက်လောင်လျှက် ရှိလေပြီ။ အရှေ့အာရှမှာ လည်း နယ်ချဲ့ဖက်ဆစ်ဂျပန်တို့ ဗမာပြည်တွင်းသို့ ဝင်ရောက် လာကြရန် ခြေလှမ်းတပြင်ပြင် ရှိနေကြချိန် ဖြစ်လေသည်။

ကိုဗဟိန်းနှင့်အဖော်တစုမှာ နယ်ချဲ့အန္တရာယ်များကို တွန်းလှန်ဖြိုဖျက်ကြရန်အတွက် ပြည်သူ့အရေးတော်ပုံစာတမ်း၊ မီးပွား စာစောင်၊ ဗမာ့တော်လှန်ရေးစာတမ်းများကို နေ့မအား ညမအားအောင်ပင် လျှို့ဝှက်စွာထုတ်ဝေ ခဲ့ကြလေသည်။ ကျမမှာ သူတို့လုပ်ငန်း များအတွက် ပတ်ဝန်းကျင်မှ အစောင့်အရှောက် အကူအညီ ပေးခဲ့ရသည်။

အင်္ဂလိပ်အစိုးရသည် ဗမာပြည်ရှိနိုင်ငံရေး ခေါင်း ဆောင်ဟူသမျှကို ပိုက်စိပ်တိုက်ဖမ်းဆီး နေပေသည်။

ကျမမှာ ဒီအချိန်က အိမ်နောက်ဖေးရှိ စိန့်ဗင်ဆင့် ကျောင်း၌ အလုပ်လက်ခံထားပြီးဖြစ်လေသည်။ နေ့ခင်းအချိန် များ၌ သူလည်း သူ့လုပ်ငန်းရှိရာသို့သွား၍ ကျမလည်း ကျောင်းတက်နေခဲ့ရလေသည်။

၄က်ဆိုးထိုးသံ။ တနေ့သောနံနက်ခင်း၌ သူ့မိတ်ဆွေ များလာမေးလျှင် ဘုန်းကြီးကျောင်းမှာ ရှိကြောင်း ပြောရန်မှာခဲ့ပြီး ထွက်သွားလေသည်။ ည ၉ နာရီထိုးသော်လည်း သူပေါ်မလာပေ။

ည ၁၁ နာရီအချိန် တံခါးခေါက်သံကြားရ၍ ဖွင့်ပေးလိုက်၏။ သူ့ကိုမတွေ့ရ။ ကိုတင်မြ(ယခုအသံနီ)ကိုသာ တွေ့ရ၏။ ကိုတင် မြကပင် ကိုဗဟိန်းကို အခုဘဲ လမ်းထိပ်အဝင်မှာ ပုလိပ်တွေက ဖမ်းသွားပြီဟု ပြော၏။ ကျမမှာ တုန်လှုပ်သွား လေ၏။

၄က်ဆိုးထိုးသံ ကြားလိုက်ရသကဲ့သို့ပင် ဖြစ်၏။ သူ လုပ်နေသောအလုပ်များမှာ ထောင်နှုတ်ခမ်းလျှောက်နေသော

အလုပ်ဖြစ် ၍ တနေ့ဒီလမ်းကိုရောက်မှာဘဲ ဆိုတာကို အစကပင် ကြိုတင်ပြောပြထား၍ ယခုကြားရခြင်းမှာ အဆန်းမဟုတ်။ သို့သော်ထိုသတင်း ကြားစအချိန်၌ ရုတ်ချင်း ကြောင်သွားမိ၏။ မျက်စေ့ပြာသွား၏။ လက်နှစ်ဘက်မှာ အလိုလိုနားနှစ်ဘက်ကို ပိတ်လိုက်မိ၏။ ဘယ်ခေါ်သွားလဲ။ ဘယ်လိုအိပ်ရမလဲ။ ဘယ်လို စားရမလဲ။ ဘယ်တော့လွှတ်မှာလဲ စသည်ဖြင့် လဲပေါင်း မြောက်မြားစွာသော မေးခွန်းပေါင်း ခေါင်းထဲသို့ အစီအရီ ဝင်လာကြတော့၏။

နောက်တနေ့ ပန်းဆိုးတန်း အချုပ်ခန်းသို့ တွေ့ရန်သွား၏။ တွေ့ခွင့်မရခဲ့။ ၄ – ၅ ရက်အကြာမှာ မော်လမြိုင်ထောင်သို့ ပို့လိုက်ပြီဟု ကြားသိရ၏။

မော်လမြိုင်ထောင်သို့ တလအတွင်း ၂ ခေါက်သွား၍ တွေ့ရ၏။ တွေ့တိုင်းတွေ့တိုင်း သူကအပြုံးမပျက်၊ ကျမကိုပင် အားပေးကား ပြောဖော်ရသေး၏။ ကျမအဘို့ ဟန်လုပ်၍မှ မပြုံးနိုင်။ သူတစိမ်းတွေရှေ့မှာ မျက်ရည်မကျမိအောင် မနည်း အားခဲထားရ၏။

သူထောင်ကျပြီး တလကျော်လောက်မှာ ဂျပန်က အင်္ဂလိပ်ကို စစ်ကြေညာလေရာ၊ အရှေ့အာရှစစ်မီး စတင်လောင်လာခဲ့လေ တော့သည်။

ကျမတို့အိမ်သားအားလုံး အထက်ဗမာပြည်သို့ ပြောင်းရွှေ့ခဲ့ကြရ၏။ သူ့ထံမှ သာယာဝတီထောင်သို့ ရောက်နေကြောင်းနှင့် ကျန်းမာစွာ မိတ်ဆွေဟောင်းများနှင့်အတူ ပျော်ပျော်ပါးပါးရှိကြောင်းကို နောက်ဆုံးစာ၌ ပါလာ၏။ ထို့နောက်စာပေးစာယူ အဆက်ပြတ် သွားခဲ့ရ၏။ နယ်ချဲ့စနစ်မုန်းသော စိတ်ထားများ ပိုမိုပြင်းထန်လာခဲ့ရတော့သည်။

လူဆိုးလည်းမဟုတ်၊ သူခိုး ဓားပြလည်းမဟုတ်၊ တိုင်းသူပြည်သားတို့ ပျက်စီးရာပျက်စီးကြောင်း အန္တရယ်ပြုနေသူမဟုတ်သော ကျမချစ်လင်ကို နယ်ချဲ့လူယုတ်မာများသည် မတရားချုပ်ချယ်၍ လူဆိုးများအတွက်သာဖြစ်သော ထောင်နံရံအတွင်းသို့ သွတ်သွင်းခဲ့ကြ၏။

ကျမတို့ ချစ်ခြင်းကိုလည်း ခွဲခဲ့ကြ၏။ နယ်ချဲ့သမားများ၏ ယုတ်မာညစ်ညမ်းမှုကြောင့် အသဲနာခဲ့၏။ ထိုအချိန်မှစ၍ အသက် ရှင်နေသမျှ ငါသည်နယ်ချဲ့စနစ်ကို ဖြိုခွင်းရာ၌ အသုံးချရမည့် လက်နက်ကောင်းတခု ဖြစ်လာပါစေဟု ရည်သန်မိခဲ့သည်။

၁၉၄၂–ခုနှစ်။ ဗမာပြည်မှ အင်္ဂလိပ်တို့ ဆုတ်ခွာထွက်ပြေးသွားကြလေပြီ။ ထောင်မှလွတ်မြောက်လာသော ကျမချစ်လင်နှင့် ပြန်တွေ့ရလေပြီ။ တမျိုးသားလုံး ဖက်ဆစ်ဂျပန်များ၏ ဖိနှိပ်ချုပ်ချယ်မှု၊ မတရားညှဥ်းပန်းမှု၊ ရက်ရက်စက်စက် နှိပ်စက်မှုများကို အလူးအလိမ့်ခံကြရတော့သည်။

ဖက်ဆစ်စနစ်သည် နယ်ချဲ့စနစ်၏ အဖောက်ပြန်ဆုံးအဆင့် ဖြစ်သည့်အတိုင်း မတရားသဖြင့် အနိုင်ကျင့်ကြကာ စိုးမိုးအုပ်ချုပ် လာကြတော့သည်။

ဤအကြိမ် ကျမချစ်လင်သည် ပြည်သူ့လွတ်လပ်ခွင့်များအတွက် ဖက်ဆစ်ဆန့်ကျင်ရေးလုပ်ငန်းများ လုပ်ခဲ့သော်သေမင်းနှင့် သစ္စာနံ့ရတော့မည့်အရေးကို တွေးမိခဲ့၏။ ချစ်လင်အတွက် ပူမိသည်နှင့် နိုင်ငံရေးဆောင်ရွက်လိုစိတ်များ ပျောက်ပျက်ခဲ့တော့၏။ အေးအေးချမ်းချမ်း လုပ်ကိုင်စားလိုစိတ်များ ပေါ်ပေါက်ပါစေဟု ကြိတ်ပြီးဆုတောင်းမိခဲ့၏။

သူကား ငြိမ်နေခဲ့ပါသလား။ ငြိမ်မနေခဲ့ပါ။ သူကား ဂျပန်အစိုးရလက်ထက် နိုင်ငံခြားရေးဌာန၌ အလုပ်လုပ်ခဲ့သည်။ ပထမတော့ ကျမဆုတောင်းပြည့်ပြီဟု ဝမ်းမြောက်ခဲ့၏။ သို့သော် ကျမအထင်များ ပါစင်အောင် လွဲခဲ့ရပြန်လေသည်။

တနေ့သောအခါ သူရုံးကအပြန် စာအုပ်တအုပ် ကျမကို ပေးခဲ့၏။ ဖက်ဆစ်ဂျပန်များလက်အောက်၌ အလူးအလိမ့်ခံစားကြရသည့် တရုတ်အမျိုးသားလွတ်မြောက်ရေးအတွက် လုံးပမ်းကြသော တရုတ်မျိုးချစ်များကို ဖက်ဆစ်ဂျပန်တို့က နှိပ်စက်ညှဥ်းပန်းကြပုံများကို ရေးသားထားသော စာအုပ်ဖြစ်လေသည်။

ရေနွေးပူလောင်း၊ နေပူလှမ်း၊ လက်သဲခွာ၊ ထုတ်ဖောက်ထိုးဆွဲပြီး သံလုံးနှင့်ရိုက်၊ စီးကရက်မီးနှင့် မျက်လုံးကိုထိုး၊ ဆံပင် တချောင်းစီဆွဲနုတ်၊ ကျင်စက်နှင့်တို့ စသည်ဖြင့် မဖွယ်မရာ ကြောက်ခမန်းလိလိ အကြောင်းအရာများကို ဘတ်ရှုရ၏။ ဘတ်ရင်း ဘတ်ရင်း ရင်ဖိုလာ၏။ သူကား ကျမအနီး၌ ထိုင်နေ၏။ ကြောက် စရာကြီးတွေ၊ မဖတ်ချင်တော့ဘူးဟု စာအုပ်ကို သူ့ပြန်၍ ကောက်ပေးလိုက်၏။သူက ပြန်၍ပေးကာ ကြောက်စိတ်တွေ ဖျောက်ပြီး အညှဥ်းဆဲခံရသူတွေအတွက် သနားစိတ်ထားပြီး ဆုံးအောင်ဘတ်ပါဟု တိုက်တွန်းပြန်၏။ သူနှင့်အတူတွဲ ဘတ်ရ၏။ စာအုပ်ဘတ်၍ဆုံးသွားပြီ။ သူဘာပြောသလဲ။

ဗမာပြည်မှာ နေ့စဉ်နှင့်အမျှ ဖက်ဆစ်တွေရဲ့ ညှဥ်းဆဲသတ်ဖြတ်မှုကြောင့် အမြောက်အမြား သေဆုံးနေရကြောင်း။ အမျိုးသမီး အမြောက်အမြားမှာ ဖက်ဆစ်တို့၏ မတရား စော်ကားမှုများကို ခံနေရကြောင်း။ မတရားသောစနစ်ကို တိုက်ဖျက်ပစ်နိုင်လျှင် ဒီဘေးမှ လွတ်ကင်းမည်။ ဒီမတရားသောစနစ်ကို တိုက်ဖျက်မပစ်နိုင်ကြလျှင် ဒီစနစ်အောက်မှ လွတ်မြောက်ရန် လမ်းမရှိကြောင်း။ ဒါကြောင့်တမျိုးသားလုံးအပေါ် ကျရောက်နေသော စနစ်ဆိုးကြီးကို တိုက်ဖျက်ပစ်ရန်တာဝန်ဝတ္တရားရှိကြောင်းများကို စီကာပတ်ကုံးပြောပြလေသည်။

ဖက်ဆစ်လက်အောက်မှာ လုပ်ကိုင်နေရသည့်

လုပ်ငန်းများမှာလည်း လျှို့ဝှက်စွာ လုပ်ကိုင်ကြရမည့်အကြောင်း။ ဒီလို အမျိုးသားရေးအတွက် ဆောင်ရွက်နေစဉ် ဖက်ဆစ်၏ ညှဉ်းဆဲသတ်ဖြတ်ခြင်းကို ခံချင်ခံရမည်ဖြစ်ကြောင်း။ ဒီလိုဖက်ဆစ် အောက်မှာ နေကြရ၍ ဖက်ဆစ်တွေလက်ထဲ သေကြရစေကာမူ မကောင်းသောစနစ်ဆိုး၏ ပြုမူမှုများကို ခေါင်းငုံ့ခံနေရခြင်းထက် တမျိုးသားလုံး လွတ်မြောက်ရေးလုပ်ငန်းများ လုပ်ကိုင်ကြရရင်း သေသွားကြရခြင်းက မြတ်သေးကြောင်း။ သေတာ အဆန်း မဟုတ်။ သေဘေးကိုပြေး ရှောင်၍မလွတ်နိုင်။ သေတနေ့ မွေးတနေ့။ လူတိုင်းတနေ့မှာ မုချကေန် သေကြရမည့်အကြောင်း။ ဒီတော့ တိုင်းပြည်၏ သားကောင်းသမီးကောင်းများအနေနှင့် ကျရောက်လာမည့် ဘေးအန္တရာယ်များကို မြင်ကြပြီး ရှောင်တိမ်း နေကြရန်မသင့်ကြောင်းကို ပြောပြနေလေသည်။

သူ့လုပ်ငန်းကား ဘွင်းဘွင်းပေါ်ပြီ။ ချစ်ခင်သူနှင့် ကွေကွင်းနေရခြင်းသည်လည်း ကြီးစွာသော ဆင်းရဲခြင်း ဖြစ်ကြောင်း နားလည်ထားပြီး ဖြစ်သည့်အတိုင်း သေအတူ ရှင်မကွာ၊ ခေါ်ရာကိုလိုက်၊ ခိုင်းရာကိုလုပ်၊ ဘာမဆို မတွန့်မဆုတ် လိုက်နာဆောင်ရွက်ပါမည်ဟု ကတိပေးလိုက်၏။ သူမျက်နှာကား သိန်းထီပေါက်သထက်ပင် ဝမ်းသာခြင်း၊ ပီတိဖြစ်ခြင်းတို့နှင့် ပြည့်ဝလျက်ရှိနေပေသည်။

ကျန်းမာရေးအကြောင်းပြပြီး ရုံးမှခွင့်တလယူလိုက်၏။ နိုင်ငံရေးသင်တန်းယူရန်အတွက် သူရောကျမပါ၊ သခင်ဗသိန်းတင် ကိုပါ ခေါ်၍ ကွမ်းခြံကုန်းမြို့နယ် အင်ဂလုံရွာကလေးသို့ ရောက်ရှိခဲ့ကြလေသည်။ သခင်စိုးရော အခြားရဲဘော်များပါ တွေ့ဆုံကြကာ ရက်ပေါင်း ၂၀ ကျော် သင်တန်းယူကြပြီး ရန်ကုန် သို့ပြန်လာခဲ့ကြ၏။

မြေအောင်းခဲ့ပြီး အင်ဂလုံရွာက ပြန်လာ၍ ၁၅ ရက်ခန့် အကြာ ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် တောင်ငူခရိုင်သို့ ကိုယ် ဖျောက်၍ ထွက်ခဲ့ကြ၏။ အချိန်မှာ လက်နက်ကိုင် တော်လှန်ရေး မရောက်မီ (၈)လကျော်ကပင် ဖြစ်လေသည်။ ကျမတို့ကို ကိုထွန်းလှိုင်၊ မသန်းမြင့်ဟု တောင်ငူခရိုင် ရဲဘော် များက သိကြ၏။

ကျမအများဆုံး နေထိုင်ရသောဒေသများမှာ တောင်ငူ ခရိုင်၊ ဖြူးမြို့နယ် အနီးတဝိုက်ရှိ တောရွာကလေးများ၌ ကုန်သည် ရောင် ဆောင်၍ နေထိုင်ကြရ၏။

သူကရောက်သည့်နေ့ကစ၍ တော်လှန်ရေး ပြီးဆုံး သည်အထိ နေ့မအားညမအား သင်တန်းပေးခြင်း၊ ပျောက်ကြား စစ်ဆင်ရေး လေ့ကျင့်ခြင်း၊ စည်းရုံးခြင်း၊ သဘောတရားရေး စာတမ်းများ ရိုက်နှိပ်ထုတ်ဝေခြင်းတို့ဖြင့် အလုပ်များနေတော့၏။

ဂျပန်လုံ့စွပ်များအကြားဝယ် တရွာနှင့်တရွာ မိုင်ပေါင်း ၂၀ ကျော်၊ ရဲဘော်များ၊ လယ်သမားကြီးများနှင့်အတူ ခရီးပြင်း သွားလာ လုပ်ကိုင်နေရ၍ သူ့ကျန်းမာရေးမှာ ထိုအချိန်မှစပြီး ချို့ယွင်းလာတော့၏။

ဘန်တောင်ရွာ၌ ကျမတို့တည်းခိုနေထိုင်သော အိမ် မှာ ရွာအစွန်ဆုံး၌ ရှိ၏။ သူကား အိမ်အပေါ်ထပ်၌ "ဖူးဝါး ဘတ်"ခေါ် စာအုပ်ကို ဘာသာပြန်နေစဉ် ခပ်လှမ်းလှမ်း လယ်ပြင် မှ ဆင် (၁၀)စီးခန့် လာနေသည်ကို တွေ့ရ၍ ကျမကို အိမ်ရှင် အဒေါ်ကြီးများ ယာခင်းထဲ ပဲချောက်ကောက်နေကြသည်ကို သွားရောက်ကူရင်း ဆင်နှင့်လာသူများကို စုံစမ်းခိုင်းသည်။ ကျမ လည်း သစ်ခေါက်ဆိုးလုံချည်ကိုဝတ်၊ ဖျင်အင်္ကျီဟောင်းကိုဝတ်၊ ပုဆိုးတထည် ခေါင်းပေါင်းပေါင်း၍ ... တောင်းတလုံး ခါးစောင်းတင် ကာ ယာခင်းဆီသို့ သုတ်ခြေတင်ခဲ့လေသည်။

အန္တရာယ်ပေးမည့်သူများ ဖြစ်ခဲ့လျှင် ခေါင်းမှပေါင်း ထားသော ပုဆိုးကိုချွတ်၍...ခါပြရန်နှင့် အကြောင်းမထူးက ဣန္ဒြေရစွာ ပြန်ခဲ့ရန် မှာလိုက်၏။

ရေကြီးစဉ်က တင်ရှိသော သစ်များဆွဲကြရန် လာ သည့်ဆင်များ ဖြစ်ကြောင်း သိရ၍ ပြန်ခဲ့ရလေ၏။

ထို့နောက် လက်နက်ကိုင် တော်လှန်ရေးအတွက် သူကား မအိပ်မနေ အပြင်းကြိုးပမ်းရတော့၏။ ကျမမှာ ဒီအချိန်က ကိုယ်လေးလက်ဝန်ရှိနေ၍ သူ့လုပ်ငန်းများကို ကိုယ်ထိ လက် ရောက် အကူအညီ မပေးနိုင်ခဲ့တော့ပေ။

မတ်ချ်လ ၂၇ ရက်၊ တပြည်လုံးလက်နက်ကိုင် ပုန်ကန် ခဲ့ကြပြီ။ သူ့ထံမှ ကျန်းမာရေးဂရုစိုက်ရန်၊ စာပေးစာယူ အဆက်ဖြတ် ထားရန်နှင့် သူလည်းကျန်းကျန်းမာမာရှိကြောင်း စာတစောင် ရောက်လာ၏။

ထိုအခါ ကျမနှင့်အတူ မသန်းဆင့်ခေါ် သခင် သန်းထွန်း၏ဇနီး ဒေါ်ခင်ကြီးနှင့် သမီးကလေးပါ မုန်းရွာကလေး၌ ပုန်းအောင်းနေ ကြရ၏။

ကျမတို့နှစ်ယောက်ကို ဒီမိန်းမနှစ်ယောက်ဟာ တယောက်က ကလေးငယ်လေးနှင့် တယောက်ကလည်း ကိုယ်ဝန်ကြီးနဲ့ သူတို့ လင်တွေလည်း တခါမှလာတာ မမြင်ရ၊ ဘယ်ကမိန်းမတွေလည်းဟု အထင်သေး၊ အမြင်သေးခံခဲ့ ကြရသေး၏။

တောင်ငူ ဂျပန်ခံစစ်မှ ပြိုဆင်းလာသော ဂျပန်စစ်တပ် များဘေးရန်မှ ကင်းဝေးရန်အတွက် မုန်းနှင့်မနီးမဝေး တောအုပ် တခုအတွင်း၌ ခိုအောင်းနေကြစဉ် ပြောက်ကြားတပ်စိပ်တစိပ် အကူရောက်လာ၏။ ကိုဗဟိန်းက အားလုံး ဖြူးသို့ ပြောင်းလာ ကြရန် အခေါ်ခိုင်း ကြောင်းသိရ၏။ ထိုနေ့ညနေမှာပင် ဖြူးသို့ ရောက်ရှိကြရ၏။ ကမ္ဘဇ္ဇာန်းရုပ်နှင့် ကာဘိုင်လွယ်ထားသူတဦး

ခရီးဦးကြိုပြုနေ၏။ ကျမတို့လာ လမ်းမှ ခရီးဦးကြိုပြုနေသူကား ...ကိုဗဟိန်းဖြစ်နေ၏။ သူကားအင်အားကုန်ခမ်း၍... သွေးမရှိတော့သော အသားအရေ အာဟာရ ပြတ်လပ်နေ၍ အရိုးပေါ်အရေတင်မျှ ပိန်ချုံး၍နေလျက် ကာဘိုင်သေနတ်ကို ပခုံးချိတ်ပြီး စောင့်နေသော ကိုဗဟိန်းပင် ဖြစ်တော့သည်။ သူကပင် ကျမတို့ကို နေလို့ထိုင်လို့များ ကောင်းကြရဲ့လား မေးပေသေးသည်။

ရောပါစွဲကပ်လေပြီ။ သူ့ရောဂါမှာ အစဉ်အမြဲ အိပ်ရာထဲ လှဲမနေရသော်လည်း (၁၅) ရက်တခါ ပြင်းပြစွာ ရောဂါဝေဒနာဖိစီး ခြင်းကို ခံစားနေရလေသည်။

ရန်ကုန်ပြန်ရောက်ပြီး ကျန်းမာရေး အတွက်အနားယူရန် မိတ်ဆွေတိုင်းက သတိပေးကြ၏။ သို့သော် ဤအချိန်ကား အရေးကြီးသေးသည်။ ဤအချိန်ကား ပစ်ထား၍ မဖြစ်သေးစသည်ဖြင့် အိပ်ယာထဲမှာ တိုင်းပြည်အကျိုးကို သယ်ပိုးခဲ့သေး၏။

တော်လှန်ရေးပြီး သူ့လုပ်ငန်း။ ဖဆပလ ဗဟိုဦးစီးအဖွဲ့ဝင်တဦးအနေဖြင့် ဖဆပလကိုလည်း တည်ထောင်ခဲ့၏။

ပစ္စည်းမဲ့ပါတီ ဖြစ်သော ကွန်မြူနစ်ပါတီကိုလည်း စနစ်တကျ စည်းရုံးခဲ့လေသည်။

ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂကိုလည်း ကိုယ်ဘိရင်ဘိ တည်ထောင်၍ နေ့ရောညပါ လုံးပမ်းနေခဲ့ရလေသည်။

နောက်ဆုံး မည်သည့်အလုပ်ကိုမှ အရှင်းမလုပ်နိုင်မကိုင်နိုင်ဖြစ်လာသည့် အဆုံးသို့ရောက်လာလေမှပင် မန္တလေးမြို့ရှိ သူ၏မိဘများထံ အနားယူဆေးကုရန် ပြန်ခဲ့ကြရလေ တော့သည်။

သူ့ရောဂါကို လျင်မြန်စွာ ပျောက်ကင်းစေလိုသော စိတ်ဓာတ်ဖြင့် မန္တလေးဆေးရုံသို့ တက်ရောက်ကုသခဲ့လေသည်။

ဒီအတောအတွင်းမှာဘဲ သူ့စိတ်နှလုံးတုန်လှုပ်ချောက်ခြားစေသည့် သတင်းဆိုးတရပ် ရောက်လာခဲ့၏။ ထိုသတင်းကား ဖဆပလထဲမှ ဗမာပြည်ကွန်မြူနစ်ပါတီကို ထုတ်ပစ်လိုက်ကြောင်း၊ ထုတ်ပစ်လိုက်ပြီဆိုသော သတင်းပင် ဖြစ်လေသည်။ ထိုနေ့ကစပြီး မစားနိုင် မသောက်နိုင် တမှိုင်မှိုင် တထွေထွေနှင့် ဒီလောက်အရေးကြီးတဲ့အချိန်မှာ ငါဟာ ဆေးရုံပေါ်ရောက်နေတာ ခက်တာပဲဟု တောက်တခေါက်ခေါက်နှင့်ပင် ရောဂါ အခြေအနေဆိုးလာသည်။ ဒီလောက်အခြေအနေဆိုးထဲမှာပင် ငါမကျန်းမမာ ဖြစ်နေရတဲ့အတွက် အလုပ်တွေတော့ လစ်ဟင်းကုန်ပြီဆိုတဲ့ စကားကို အမြဲညည်းညူရင်းဖြင့်ပင် အသက်ပျောက်ခဲ့ရလေသည်။

ကျမချစ်လင် ဝိညာဉ်ချုပ်ငြိမ်းသည့်အချိန်မှာ မိဘများ အစ်မများ ပူဆွေးကြကာ အော်ဟစ်ငိုကြွေးကြသော်လည်း ကျမအဘို့ မျက်ရည်တစက်မှမထွက်နိုင်၊ နှမြောတသ ဝမ်းနည်းခြင်းဖြင့် ကြိတ်မနိုင်ခဲမရဖြစ်ကာ ရုတ်တရက်တော့ ဘာလုပ်ရမှန်းမသိအောင် ကယောင်ချောက်ချား ဖြစ်ခဲ့မိသည်။

သေသေချာချာတွေးကြည့်မှ ငါ့ချစ်လင်ကို သေမင်းနိုင်ငံသို့ ပို့ဆောင်သူကား နယ်ချဲ့သမားသာ တကား။ နယ်ချဲ့စနစ်ဆိုးကို ဖြိုခွင်းရေးအတွက် ပင်ပန်းကြီးစွာ ဆင်းဆင်းရဲရဲ အအိပ်ပျက် အစားပျက်ခံပြီး အကြိတ်အနယ် တိုက်ပွဲအလီလီဆင်နွှဲခဲ့ရသော ဆောင်ရွက်ချက်များအတွက် ခုလိုအသက်အရွယ်ငယ်ငယ်နှင့် သေဆုံးသွားရတယ်။ သေမင်းနှင့်တူသော နယ်ချဲ့သမားကို ဘယ်တော့မှ အလျှော့မပေးဘဲ တိုက်သော တိုက်ပွဲ ဟူသမျှ ငါပါဝင်တိုက်ခိုက်မယ်။ သူ့ရည်မှန်းချက် ဖြစ်သော ပစ္စည်းမဲ့အာဏာရှင် ဘုံနိုင်ငံတည်ထောင် ဖန်တီးရေးအတွက် ဘယ်ကဲ့သို့သော အခက်အခဲများတွေ့ရတွေ့ရ ဂရုမပြု ပမာမထား၊ ဘယ်ဝဲယာ သွေဖီရေးတွေကို မဆို ရှောင်ကွင်း၍ ပစ္စည်းမဲ့များနှင့် လက်တွဲကာ အောင်ပွဲဆင်ရန်အတွက် ချစ်လင်သေဆုံးပြီးနောက် တလကျော်ကျော်ကတည်းက ပစ္စည်းမဲ့ ဆင်းရဲ သားများ၏ သမီး အဖြစ်ခံယူလိုက်ရပေသည်။

ချစ်လင်ကို အားကိုးအားထား၍ သူကိုယ်တိုင် အသက်ပေးတည်ဆောက်ထားခဲ့သော အမျိုးသား တပ်ပေါင်းစုကြီးမှာ အခိုက်အတန့်အားဖြင့် ကွဲပြားနေစေကာမူ ဒါကိုမဖြစ်မနေ အရတည်ဆောက်၍ တမျိုးသားလုံးကတဘက် သေမင်းနယ်ချဲ့သမားတို့ကတဘက် တိုက်ခိုက်ကြရမည့် အမျိုးသား လွတ်မြောက်ရေး စစ်ပွဲကြီးအတွင်း ဗိုလ်ပါအလုံးအရင်းနှင့် သေနင်္ဂဗျူဟာခင်း၍ ပစ္စည်းမဲ့ဆင်းရဲသားများ နှင့် လူတမျိုးအတွက် အသက်ကို မနှမြောဘဲ မကုန်ခမ်းနိုင်သောဇွဲ၊ အဆုံးအစမရှိသော ဝိရိယကို အားထုတ်ကာ ချစ်လင်သခင်ဗဟိန်း အတွက် လှလှကြီးလက်စားချေပါတော့အံ့။

မခင်ကြီး

(သခင်ဗဟိန်း၏ဇနီး)

မှတ်ချက်။ ။ မူရင်းသတ်ပုံများအတိုင်း ဖော်ပြထားခြင်းဖြစ်ပါသည်။

# ပြည်တွင်းဖြစ်ဖက်ဆစ်စစ်အစိုးရကို တော်လှန်ကြလော့

## ကြည်း(၈၅၆၃) ဒုဗိုလ်မှူးကြီးအေးမြင့်(ငြိမ်း)

ဂျပန်ဖက်ဆစ်ကို တော်လှန်ခဲ့တာ လာမယ့်မတ်လ (၂၇)ရက်နေ့ဆိုရင် ဆယ်စုနှစ် ခြောက်ခုပြည့်ပေတော့မည်။ ဂျပန်ဖက်ဆစ်ရက်စက်ကြမ်းကြုတ် ရမ်းကားစွာ ပြည်သူတွေ ညှင်းပန်းနှိပ်စက်လို့ တပ်မတော်ဟာ တိုင်းရင်းသား သွေးချင်းပြည်သူတွေနဲ့ရော အယူဝါဒကွဲပြားကာ အမြင်မတူကြသူ နိုင်ငံရေးသမားများနဲ့ပါ စည်းလုံးခိုင်မာစွာ ပူးပေါင်းလက်တွဲ၍ စိတ်ရောကိုယ်ပါ တော်လှန်ခဲ့ကြတာမို့ (၁၉၄၅)မှာ သမိုင်းတွင်အောင်၊ ပေါက်မြောက် အောင်မြင်ခဲ့ပါတယ်။

ဒီနေ့ပစ္စက္ခ (နဝတ)တဖြစ်လဲ (နအဖ)အမည်ခံ စစ်အစိုးရဟာ  အတွေးအခေါ်အရရော ပြောဆိုလုပ်စားနေမှု၊ လုပ်နည်းလုပ်ဟန် အကြံအစည်တွေ အရပါ ဂျပန်ဖက်ဆစ်ထက် ဆယ်ပြန်သာလို့ ရက်စက်ကြမ်းကြုတ် စုတ်ပွဲစက်ဆုပ်စရာ တွေ့လာမြင်လာရတာမို့ ပြည်တွင်းဖြစ် ဖက်ဆစ်စစ်အစိုးရလို့ သမုတ်ကာ၊ သမိုင်းအက္ခရာ တင်လိုပါတယ်။ တပ်မတော်ကို တော်မှန်စွာ ကျင့်ကြံလိုကြတဲ့ မျိုးချစ်စစ်သား၊ နောင်တခေတ်ရဲ့ အောင်စစ်သည်များဟာ ကျေးဇူးရှင် မိဘပြည်သူ၊ တိုင်းရင်းသား သွေးချင်းများနဲ့ရော၊ အမြင်မတူသူ၊ နိုင်ငံရေး အံတုသူများနဲ့ပါ ဟန်ချက်ညီညီ ပူးပေါင်းလက်တွဲကာ ပြည်တွင်းဖြစ် ဖက်ဆစ်မျိုးမစစ်တွေကို တော်လှန်ကြလော့ – လို့ နှိုးဆော် တိုက် တွန်းလိုက်ပါရစေ။

အလျဉ်းသင့် ကြုံကြိုက်တုန်းမှာ အစဉ်အလာကောင်းခဲ့တဲ့ တပ်မတော်ရဲ့သမိုင်းကြောင်းကို တစေ့တစောင်း ရင်ဖွင့်တင်ပြပါရစေ။ ကျနော်စစ်သားဘဝမရောက်ခင်ကတည်းက တပ်မတော်ကြီးဟာ သမိုင်းအစဉ်အလာ ကြီးမားရှင်သန် ကောင်းခဲ့တာ တွေ့ရ ပါတယ်။ လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားလာခဲ့တဲ့ ပြည်တွင်းစစ်အတွင်းမှာ ရောင်စုံသူပုန်များကိုရော ပြည်ပကျူးကျော်သူ တရုတ်ဖြူကိုပါ နိုင်ငံတော်နဲ့ နိုင်ငံသားတို့အပေါ် တော်မှန်စွာ သစ္စာစောင့်သိတာ၊ တွန်းလှန်ချေမှုန်းခဲ့တာ သမိုင်းသက်သေ သိကြားစေ တိုင်တည်ရပါလိမ့်မယ်။

(၁၉၄၈ – ၅၀)ရန်ကုန်အစိုးရဘဝ၊ တိုင်းပြည်ကနုနု၊ မုန်တိုင်းကထန်ထန်ကာလမှာ တပ်မတော်ဟာ အကျပ်အတည်း အခက်အခဲအမျိုးမျိုးကြားက စွမ်းစွမ်းတမံ၊ လေ့ခွက်ချည်းကျန်၊ အလံမလှဲ တိုက်ပွဲဝင်ကာ တိုင်းပြည်နဲ့ လူမျိုးကို၊ အမှန်တကယ်ကာကွယ်ကယ်တင်ခဲ့တာ ဘယ်သူမှ ငြင်းလို့မရနိုင်ပါချေ။ တပ်မတော်ကို ငယ်စဉ်ကပင် အားကျ အတုယူ၊ စစ်သားဖြစ်ချင်သူ ကျနော်ဟာ ကျောင်းသား ဘဝမှာကတည်းက စိတ်ဝင်စားကာ မြင်အောင်ကြည့်လာခဲ့သူ ဖြစ်ပါတယ်။

ထင်သာမြင်သာရှိခဲ့လို့လည်း စစ်သားဖြစ်လာရတာပါ။ စစ်ဦးစီးချုပ်ဟာ မူလဗီဇ မွေးရာပါဇာတိအရ အာဏာရူး၊ နှာဘူး၊ မြင်းသမားတဦးဆိုတာ ကြားဖူးနားဝ ရှိခဲ့ဖူးပါတယ်။ တိုင်းပြည်ကနုနု၊ မုန်တိုင်းထန်လှတဲ့ အခါသမယမှာ စစ်ဦးစီးချုပ်က နှာထကာ ကျည်လွတ်မြေ တာမွေမှာ ဘဇူကာကြီးထု လုပ်စားနေချိန်မှာ ဗိုလ်မှူးကြီးချစ်မြိုင်၊  ဗိုလ်မှူးကြီးတင်မောင်၊ ဗိုလ်မှူးကြီးကြည်မောင်စတဲ့မျိုး ချစ် စစ်ခေါင်းဆောင်များဟာ စစ်သူကြီး ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးချုပ်ကျော်ဇောနဲ့အတူ စစ်မြေပြင်မှာ စွန့်လွှတ်စွန့်စားစွာ ရန်သူပဟူ သမျှကို တိုက်ခိုက်ချေမှုန်းနေကြတာ တွေ့ရပါတယ်။ ဒါကြောင့်လည်း ဒီတော်မှန်တဲ့ စစ်ခေါင်းဆောင်ကြီးများကို ကြည်ညိုတယ်။

လေး စားတယ်။ အားထားခဲ့မိပါတယ်။

ကျနော်စစ်သားဖြစ်လာတဲ့ အချိန်အထိ တပ်မတော်ကြီးဟာ အစဉ်အလာ ကောင်းဆဲပဲလို့ ဆိုချင်ပါတယ်။ စစ်ဦးစီးချုပ်နာထ မြင်းလောင်း အကျင့်ပျက်ပေမယ့် တော်မှန်တဲ့ စစ်ခေါင်းဆောင် ဗိုလ်ချုပ်မောင်မောင်ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဇော၊ ဗိုလ်မှူးချုပ် ဘလိပ်နဲ့ တပ်မဟာမှူးများက ဝိုင်းရံထိန်းကျောင်း၊ သွန်သင်ပဲ့ပြင်၊ ကွပ်ကဲ နေကြလို့ အမျိုးအစား ပိုကောင်းတဲ့ တပ်မတော်၊ ပြည်သူနဲ့ တဆက်တည်း တသားတည်းရှိတဲ့ တပ်မတော်အဖြစ် ရပ်တည်နိုင်ခဲ့တယ်လို့ နားလည်ခံယူပါတယ်။

ကျနော်စစ်သားတဦး ဖြစ်လာချိန်ဟာ (၁ – ၆ – ၅၅)ကပါ။ ဒီကာလတုန်းက တပ်မတော်သား အားလုံးနီးပါးဟာ စစ်သည်တော် ကျင့်ဝတ်(၆၀)ကို အာဂုံဆောင် နှလုံးပိုက်ကာ တိတိပပလိုက်နာ ကျင့်ကြံနေထိုင် လှုပ်ရှားကြရပါတယ်။ အကြီးအကဲများရဲ့ ဆုံးမ ပဲ့ပြင် ထိန်းကျောင်းမှုကို အပြည့်အဝ ခံယူကာ၊ ဆောင်ရန် ရှောင်ရန်တွေကိုပါ အလေးဂရုပြု စောင့်ထိန်းခဲ့ကြရပါတယ်။

**တပ်မတော်ဟာ ဒီနေ့အထိ ကတိကဝတ်တွေကို ဖောက်ဖျက်ပြီး (၉၀)ပြည့်ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုတာဟာ အမျိုးသားရေးတာဝန်ကို မကျေပွန်တာလို့ ကျနော် နားလည်တယ်။ ဒါထက် ပိုပြီးရှင်းအောင်ရေးရရင် တပ်မတော်ဟာ အမျိုးသားရေးတာဝန်ကို သစ္စာဖောက်သွားပြီလို့ သမိုင်းမော်ကွန်း တင်ရပါတော့မယ်။ ဒါတင် မကသေးပါဘူး။ ပြည်သူ့ဆန္ဒနဲ့ ကင်းကွာကာ ယုတ္တိဗေဒဆန်တဲ့ အကြံအဖန် ဆင်လုံး၊ ထွင်လုံးတွေနဲ့ သရုပ်ပျက်(ROAD MAP)နဲ့ အဟုတ်အလုပ်မဖြစ်မယ့် ဦးတည်ချက်(၆)ချက်၊ အခြေခံမူ(၁၀၄)ချက်ဆိုတာတွေကို တရားသေကိုင်ကာ ညောင်နှစ်ပင် 'အင် ညီလာခံ'မှာ အတင်းအဓမ္မ သွတ်သွင်းကျင်းပနေကြတာ အလွန်အင်မတန်မှ အကျည်းတန်လှပါတယ်။**

ကျနော်ဒီနေ့အ ထိ ပညတ်သတ်မှတ်ချက်များကို မေ့လို့မရပါ။

ဘာပဲလုပ်လုပ် ပြည်သူ့ဆန္ဒကို အစဉ်ဦးထိပ်ပန်ဆင် ရမယ်တဲ့။ မင်းလုပ်ရပ်ဟာ ပြည်သူ့ဆန္ဒနဲ့ ကိုက်ညီလျှင်မှန်ပြီး ပြည်သူ့ဆန္ဒနဲ့ မကိုက်ညီလျှင် မင်းလုပ်ရပ်ဟာ မှားပြီသာ မှတ်တဲ့ခင်ဗျ။ ဒီနေ့တပ်မတော်က ညီငယ် နောင်တခေတ်ရဲ့ အောင်စစ်သည်မျိုးဆက်သစ်များကို အလျှဉ်းသင့်လို့ ပန်ကြားတင်ပြချင်ပါတယ်။ ညီငယ်တို့ရဲ့ ပစ္စက္ခ လုပ်နည်းလုပ်ဟန်တွေကို သေသေချာချာ ပြန်လည်ဆန်းစစ် ကြည့်ကြစမ်းပါ။ ပြည်သူ့ဆန္ဒနဲ့ တပြေးညီ ရှိကြပါရဲ့လား။ ပြည်သူတို့ရဲ့ဆန္ဒက ဘာလဲ။ ပြည်သူတို့ဟာ သူတို့ရဲ့ရင်တွင်းက ဆန္ဒမှန်တွေကို (၈)လေးလုံးသမိုင်းဝင် အရေးတော်ပုံကြီးမှာ ချွေးသွေးတွေနဲ့ ရင်းနှီးစတေးပြီး ပြခဲ့ကြသလို၊ (၉၀)ပြည့် ရွေးကောက်ပွဲမှာလည်း အသဲကြားက ဆန္ဒမဲပြားလေးတွေနဲ့ ပြခဲ့ကြပါတယ်။ တပ်မတော်က ဒါတွေကို ပစ်ပစ်ခါခါ ပြောင်ပြောင်တင်းတင်း လစ်လျူရှုမျက်ကွယ်ပြုတဲ့ လုပ်ရပ်ဟာ မှန်ပါသလား။ မှားနေပြီညီငယ်တို့။ မှားမှန်းသိရင် ပြင်ရမှာပေါ့ဗျာ။

ဒါ့အပြင် ပြည်သူတို့ မပြုံးတာဟာ မမဲ့ရဲလို့မှတ်။ ပြည်သူတွေ မဲ့လာပြီဆိုရင် တပ်မတော်ကို တပ်မတော်လို့တောင် မခေါ်နိုင်တော့ဘူးတဲ့။ လက်နက်ကိုယ်စီ ကိုင်ထားတဲ့ လူရမ်းကားတစုလို့သာ ဆိုစမှတ်ပြုရမယ်တဲ့။ ညီငယ်တို့ရေ – ဒီနေ့ ပြည်သူတွေဟာ မဲ့ပြရုံ မက စက်ဆုပ်ရွံရှာတဲ့ ဟန်အမူအရာတွေနဲ့ မြည်တွန်တောက်တီး ပြစ်တင်ရှုတ်ချ နေလေရဲ့။ လက်နက်ကိုယ်စီ ကိုင်ထားတဲ့

လူရမ်းကားတစုလို့ သမုတ်နေကြရုံမက ဂျပန်ဖက်ဆစ်ထက် ဆယ်ပြန်မက သဒ္ဒါလန်အောင် ဆိုးဝါးရက်စက် ကြမ်းကြုတ်တဲ့ ပြည်တွင်းဖြစ် ဖက်ဆစ်တပ်လို့ မြင်နေကြတာ  ရင်နင့်အောင် ကြေကွဲရပါတယ် ညီငယ်တို့ရယ်။

ကျနော်မလိုတမာ အာဃာတနဲ့ မတော်မတရား တဖက်သတ် အပုပ်ချနေတာ မဟုတ်ပါဘူး။ အနှစ် (၄၀)ကျော် အာဏာသိမ်းက သိကြားစေ သက်သေညွှန်းလို့ ရောင်ပြန်ဟပ် ပြသနေပါတယ်။ တပ်မတော်ဟာ အမျိုးသားရေး တာဝန်ကို ဘယ်တော့မှ သစ္စာမဖောက်ဘူး။ (၉၀)ပြည့် ရွေးကောက်ပွဲပြီးရင် တပ်မတော်ဟာ စစ်တန်းလျားကို ပြန်ပြီး ကာကွယ်ရေးနဲ့ လုံခြုံရေး အဓိက တာဝန် တွေကိုသာ ထမ်းဆောင်သွားမှာပါလို့ လူရိုးစစ်သားကြီး စစ်ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင်က လူသိရှင်ကြား၊ တရားဝင် ကတိစကားတွေ သစ္စာပြုတိုင်တယ်ခဲ့တာ ညီငယ်တို့ အမှတ်ရနေကြဦးမယ်လို့ ယုံကြည်ပါတယ်။

တပ်မတော်ဟာ ဒီနေ့အထိ ကတိကဝတ်တွေကို ဖောက်ဖျက်ပြီး (၉၀)ပြည့် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ် မပြုတာဟာ အမျိုးသားရေးတာဝန်ကို မကျေပွန်တာလို့ ကျနော် နားလည်တယ်။ ဒါထက် ပိုပြီးရှင်းအောင် ရေးရရင် တပ်မတော်ဟာ အမျိုးသားရေးတာဝန်ကို သစ္စာဖောက်သွားပြီလို့ သမိုင်းမော်ကွန်းတင်ရပါတော့မယ်။ ဒါတင် မကသေးပါဘူး။ ပြည်သူ့ဆန္ဒနဲ့ ကင်းကွာကာ ယုတ္တိဗေဒဆန်တဲ့ အကြံအဖန် ဆင်လုံး၊ ထွင်လုံးတွေနဲ့ သရုပ်ပျက်**(ROAD MAP)**နဲ့ အဟုတ်အလုပ်မဖြစ်မယ့် ဦးတည်ချက်(၆)ချက်၊ အခြေခံမူ(၁၀၄)ချက်ဆိုတာတွေကို  တရားသေကိုင်ကာ ညောင်နှစ်ပင် ‘အင် ညီလာခံ’မှာ အတင်းအဓမ္မ သွတ်သွင်း ကျင်းပနေကြတာ အလွန်အင်မတန်မှ အကျည်းတန်လှပါတယ်။

တပ်မတော်ရဲ့ မူလပဌမ ဖခင် အစစ် ဗိုလ်ချုပ်အောင်ဆန်းနဲ့ ရဲဘော်သုံးကျိပ်ဝင် အမျိုးသား သူရဲကောင်း စစ်ခေါင်းဆောင် တွေနဲ့အတူ တပ်မတော်ကြီးကို စတင်ဖွဲ့စည်းစဉ်က အခြေခံမူကြီး(၄)ရပ်ကို သတ်မှတ်ပြဋ္ဌာန်းခဲ့ကြတာ သတိပြုမိပါတယ်။ အဲဒီအခြေခံ မူ (၄)ရပ်က–

၁။ နိုင်ငံတော်ကို ကာကွယ်တဲ့ တပ်မတော်

၂။ ပြည်သူ့ဆန္ဒနဲ့အညီ နေထိုင်ကျင့်ကြံတဲ့ တပ်မတော်

၃။ နိုင်ငံရေးမှာ ဝင်မစွက်တဲ့ တပ်မတော်

၄။ နိုင်ငံတော်နဲ့ ပြည်သူ့အကျိုးကို လိုလားတဲ့ တပ်မတော်မျိုး ဖြစ်ရမယ်တဲ့။

ဒီမူ(၄)ချက် မှန်မမှန်ဆိုတာကို ဒီနေ့အထိ သက်ရှိထင်ရှား ရှိနေကြသေးတဲ့ အမျိုးသား သူရဲကောင်း သမိုင်းဝင် စစ်သူကြီး ဗိုလ်ချုပ်ကျော်ဇောနဲ့ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးကြီးရဲထွတ်တို့ နှစ်ဦးကို တိုင်တည်လို့ သမိုင်းသက်သေ ထူပြလိုပါတယ်။

ဒီနေ့ တပ်မတော်ဟာ ပဓာနကျတဲ့ အခြေခံမူတွေနဲ့ အံဝင်ဂွင်ကျပါရဲ့လား။ စစ်အုပ်စုက ရှေ့တန်းတင် ခင်းကျင်းပြင်ဆင် ဖွတ်သွင်း အတင်းအတည်ပြုချင်နေကြတဲ့ ဦးတည်ချက်(၆)ချက်၊ အခြေခံမူ(၁၀၄)ချက်နဲ့ လိုက်လျောညီထွေ သဘာဝကျ တရားမျှ တပါရဲ့လား။ ကျနော်ကတော့ စိုးစဉ်းမျှ ဘဝင်မကျပါ။ မတော်မှန်ဘူးလို့ ခံယူပါတယ်။ ပြည်သူတွေကရော နိုင်ငံတကာကပါ လက်ခံနိုင်စရာ အလျဉ်းမရှိ နိုင်ပါဘူး။

ကျနော်ရဲ့ အသဲနှလုံးထဲမှာရော ဦးနှောက်ထဲမှာပါ စစ်သားဟောင်းတဦးမို့ အစဉ်စွဲမြဲနေတဲ့ ဖခင်ဗိုလ်ချုပ်ရဲ့ အဆိုအမိန့် သွန်သင်ချက်တွေအရ တပ်မတော်ကြီးကို လူပုဂ္ဂိုလ် တဦး၊ လူတစု၊ တဖွဲ့တပါတီအတွက် စုဖွဲ့တည်ထောင်ခဲ့တာ မဟုတ်ဘူး။ တနိုင်ငံလုံး၊ တမျိုးသားလုံး အတွက်ဖြစ်တယ်လို့ ပြတ်သားစွာ မိန့်ဆို လမ်းညွှန်တာကို အာဏာရူး၊ နှာဘူး၊ မြင်းသမား၊ စစ်ဘုရင်နေဝင်းလည်း သိပါတယ်။ ဒါပေမဲ့  (၆၂) မတ်လမှာ တပ်မတော်ကို သူပိုင်လုပ်ခဲ့တယ်။ တော်လှန်ရေးကောင်စီပိုင် လုပ်ခဲ့သလို (မဆလ)ပိုင်ပါ လုပ်ခဲ့တယ်။ ဒီသမိုင်းအမှားတခုကို နောက်ထပ်အမှားတခုနဲ့ပြင်ကာ တပ်ချုပ်မင်းတြားရှူးကြီးက သူပိုင်လုပ်ထားဆဲ။ သောက်ရှက်လက်စ် ဗိုလ်ယုတ်ကြီး တို့ပိုင် လုပ်စားနေတဲ့အပြင် (နအဖ) ပိုင် လုပ်ထားပြန်ပါတယ်။

တပ်မတော်ဟာ တိုင်းပြည်အတွက် ဖြစ်ရမယ်။ တိုင်းပြည်ဟာ တပ်မတော်အတွက် မဖြစ်စေရလို့ ဖခင်ဗိုလ်ချုပ်က ပညတ်ခဲ့ တယ်။ ဒီနေ့တိုင်းပြည်ဟာ ပြည်တွင်းဖြစ် ဖက်ဆစ်တပ်အတွက် ဖြစ်နေတာ မျက်ဝါးထင်ထင် မြင်နေလို့ ရင်နာရပါတယ်။ ပြည်သူတို့ကျွေး တာစား၊ ပြည်သူတို့ပေးတာဝတ်၊ အစာစားရိတ်ပါယူ၊ လက်နက် ခဲယမ်းပါကိုင်ကြရလို့ ကျေးဇူးရှင်ပြည်သူကို ဦးထိပ်ထားပြီး “ပြည်သူ သာလျှင် အမိ၊ ပြည်သူသာလျှင် အဖ”လို့ ဆောင်ပုဒ် ထွင်ခဲ့တာပါ။ (နဝတ)တဖြစ်လဲ (နအဖ)ဗာလန်ဗိုလ်မိုက်တို့က “တပ်မတော်သာ လျှင်အမိ၊ တပ်မတော်သာလျှင် အဖ”ဆိုပါလား။ ကိုင်း – ကောင်းကြသေးရဲ့လား။ သူတို့လုပ်စာ ပြည်သူက စားနေရသလို၊ သူတို့သာ လျှင် ပြည်သူရဲ့ ကျေးဇူးရှင် ကျ နေတာလေ။

လတ်တလော ဖြစ်စဉ်တွေကိုလည်း ဆင်ခြင်ကြည့်ပါဦး။ မလျော်ကန်တဲ့ **(MI)**စစ်မလိုင်ကို ချေမှုန်းပြီး ပြည်သူ့အကျိုးကို

ရေးရှု လို့ မတရားဖမ်းထားတဲ့ အကျဉ်းသား နှစ်သောင်းနီးပါးခန့်ကို ထောင်ခါခဲ့ပါတယ်။ အဲဒီအထဲ မင်းကိုနိုင်အပါအဝင် နိုင်ငံရေးသမား ရာဂဏန်းပင် မပြည့်ပါဘူး။ ကျန်တာက ရာဇဝတ်သား၊ သူခိုး၊ ခါးပြ၊ ဇိမ်ခေါင်း၊ ဇိမ်မယ်၊ မှောင်ခိုဝိသမ လောဘသမား၊ သူတို့နဲ့အမြီးစား ဘက်ခေါင်းစားဘက်တွေသာ ဖြစ်ပါတယ်။ တရားဥပဒေရဲ့ အထက်မှာ မည်သူမျှမရှိစေရ။ ဥပဒေနဲ့ တပြေးညီ ရှိစေရမယ်လို့ ရာစုသစ် အပြောဝိဇ္ဇာရွှေမန်းက အာလူးအလုံးကြီးကြီး ပေးသွားတာ ကြားလိုက်ရပါတယ်။ မလျော်ကန်တဲ့ စစ်မလိုင်ကို ကိုင်ပြပြီး စစ်တပ်က တော်မှန်စွာ ကျင့်ကြံတော့မယောင် အန့်ပေးကာ ပုံဆောင်ခဲ့ကြပါတယ်။

မကြာပါဘူး။ ထောင်နေရာလွတ်တွေထဲကို အံတုစိန်ခေါ်သူတွေကို ထပ်ထည့်လိုက်ပြန်ပါတယ်။ ထောင်လွတ်ရက်ကျော်နေတဲ့ ဒေါက်တာသန်းညိမ်းကို ချုပ်ရက်တိုးသလို၊ ဒီပဲယင်းမဟာလုပ်ကြံမှုမှာ မသေရုံ ခံရရှာတဲ့ တပ်မတော်ဖခင်ကြီးရဲ့သမီးရတနာ တရားလိုကို အိမ်ချုပ်တနှစ်တိုးလို့ ချုပ်ပြန်ပါတယ်။ လုပ်ကြံမှုဂိုဏ်းချုပ်ကြီးကတော့ စင်ပေါ်မှာ ပန်းပန်လျက်တွေ့ရတာ စစ်အာဏာရှင်ခေတ်ရဲ့ နိုင်ငံရေး ဟာသတပုဒ်ပါပဲဗျာ။ သူတို့ပထွေးထောင်ကဲကြီး လုပ်နည်းလုပ်ဟန်အတိုင်း ကျောက်ကျိုယန်ကို ပြုစုသလို ကျင့်ကြံမယ်ထင်ပါရဲ့။

ကျနော်အပါအဝင် အံတုစိန်ခေါ်သူ မှန်သမျှကို ပြည်ပအားကိုး ပုဆိန်ရိုးတဲ့ခင်ဗျ။ ဒီတော့လည်း ယဉ်ကျေးသိမ်မွေ့စွာ သူတို့လည်း မူအရ မလွဲမရှောင်သာ ဦးတည်ဘွား အားကိုး မ – – လို့သာ တုံ့ပြန်ချင်ပါတယ်။ အများသူငါက (နအဖ)အတွင်း လက်ငင်းဖြစ်စဉ်ကို အကောင်းမြင်ကြတာ တွေ့ရပါတယ်။ ကျနော်ကတော့ ခွေးထန်းလျက်ခဲလုတာလို့သာ မြင်ပါတယ်။ အချိုသကာရတဲ့ ခွေးကပဲ ကုန်အောင်လျက်ကြမှာပါ။ အခုကိုပဲကြည့်ပါ။ အချိုသကာရရုံနဲ့ပင် မကျေနပ်နိုင်ကြသေးဘဲ မာန်ဖီကာ ကိုက်နေကြတာ တွေ့နေရပါတယ်။

စစ်မလိုင်ရာဇာ ဗိုလ်ခင်ညွန့်နဲ့ အပေါင်းပါတွေကို မညှာမတာ ရက်ရက်စက်စက် ချေမှုန်းရုံမက ကိုးကွယ်ခံဘုရားသားတော် ဘုန်းဘုန်းများကိုပါ ချမ်းသာမပေးတာ မြင်ရတော့ တရားသံဝေဂရမိပါတယ်။ တပ်ချုပ်မင်းတြားရှုးကြီးဟာ သူ့အဖေကြီး ဗိုလ်နေဝင်းထက်ပင် အညှိုးအတေး အာဃာတ ကြီးမားပြင်းထန်လွန်းတာပေ့ါနော်။ ‘နောက်လာတဲ့ မောင်ပုလဲ ဒိုင်းဝန်ထက်ကဲ’ ဆိုတာ ဒါမျိုးထင်ပါရဲ့ဗျာ။

ဒ့ါအပြင် စစ်မလိုင် ရာဇာကြီးကို လူသတ်မှုနဲ့ပါ ကြိုးစင်တင်ဖို့ကြံနေပြန်တာ တစွန်းတစ ကြားနေရပြန်ပါတယ်။ ဒါတွေအားလုံးဟာ အာဏာရှင်စနစ်ရဲ့ အနိဋ္ဌာရုံတွေပါ။ အလှည့်ကျစင်တင်ပေးပြီး မလိုတော့ရင် ချကွေးစတေးတဲ့ အနှစ်လေးဆယ်ကျော် ကျင့်စဉ်တရပ်သာ ဖြစ်ပါတယ်။ ဒီစနစ်နဲ့ ဒီလူညစ်တွေ အခွန့်ရှည် ရှင်သန်နေသမျှ ဒီအနိဋ္ဌာရုံတွေဟာ ကရွတ်ကင်းလျှောက်သလို သံသရာလည်နေဦးမှာ သေချာပါတယ်။ ဒါဟာ ပြည်တွင်းဖြစ် ဖက်ဆစ်စစ်အာဏာရှင်တွေရဲ့ မွေးရာပါဉာဉ်လို့ ဆိုရပါမယ်။

ဒီမိုးဒီလေ ဒီလူတွေနဲ့ သာဆိုရင် ဆုံးစမရှိ တတိတိနဲ့ လုံးလည်လိုက်နေကြမှာကို မြင်ယောင်မိပါတယ်။ အမိနိုင်ငံတော်ကြီးရော အဓိက တပ်မတော်ကြီးပါ အဆက်ဆက် တစတစ တိုးတက်ပျက်စီးလို့ လာနေပြီ ညီငယ်တို့။ ဒါနဲ့ပဓာနအကျဆုံး လက်သည်တရားခံဟာ ပြည်တွင်းဖြစ် ဖက်ဆစ်၊ မျိုးမစစ် မဖြစ်ညစ်ကျယ်၊ ဗိုလ်စပါယ်ရှယ် စစ်အစိုးရသာ ဖြစ်ပါတယ်။

ဒါကို ညီငယ်တို့ ပကတိ အရှိအတိုင်း မြင်သင့်ကြပါပြီ။ ဒါကြောင့် အနှစ်(၆၀)ပြည့် တော်လှန်ရေး နေ့ထူးနေ့မြတ်ကြီးကို သတိရဂုဏ်ပြုသောအားဖြင့် (၄၅)ခုနှစ် စံနမူနာကို ယူ၍၊ ပြည်တွင်းဖက်ဆစ်အစိုးရကို တော်လှန်ကြလော့။ ဒါမှမဟုတ် ရှုမေးနီးယားတပ်မတော်ထုံး နှလုံးမူ၍ လက်စတုံးချေမှုန်းကြလော့။ တပ်ချုပ်မင်းတြားရှုးကြီးနဲ့ အပေါင်းပါတစုကို ချောင်စက်စကူးပုံသွင်း စီရင်ကြလော့။

ဒါမှသာ တပ်မတော်ကြီးဟာ သမိုင်းတပတ်လည်ပြီး ပြန်လည်တော်မှန်လို့ သမိုင်းကြွေးဆပ်ရာရောက်မယ်။ သမိုင်းအစဉ်အလာကောင်းတွေ ပြန်လည်တောက်ပြောင်ကာ ဂုဏ်သိက္ခာတက်ပြီး ပြည်သူနဲ့တသားတဖက်တည်းဖြစ်လာမှာ မြေကြီးလက်ခတ်မလွဲနိုင်ပါဘူး။ အခြားရွေးစရာလမ်း မရှိတော့ဘူး ညီငယ်တို့။ ။

ကြည်း (၈၅၆၃) ဒုဗိုလ်မှူးကြီး အေးမြင့်(ငြိမ်း)

# ဒေါင်းအိုးဝေ မြည်ကျူးရှာ

ငြိမ်းငြိမ်း

ဖက်ဆစ်ဂျပန် တော်လှန်ရေးနေ့ကို ရောက်တိုင်း ကျမစိတ်ထဲမှာ ကလေးဘဝက အမှတ်ထင်ထင်ရှိခဲ့တဲ့ အဖြစ်အပျက်တခုကို စွဲမြဲစွာ သတိရလျက်ပါ။

အချိန်က(၁၉၄၄)ခုနှစ်၊ နှစ်ကုန်လောက်မှာပါ။ ကျမတို့ဟာ စစ်ဘေးစစ်ဒဏ် ရှောင်ရင်း မြို့အရှေ့ဘက် (၃ – ၄)မိုင်လောက် ဝေးတဲ့ ဆင်သေ ဆိုတဲ့ ရွာကြီးတရွာမှာ ပြောင်းနေရပါတယ်။ အဲဒီရွာမှာရှိတဲ့ ဒေါ်လေးက လယ်လုပ်တော့ လယ်သိမ်းချိန်မှာ လယ်တောထဲ ရွှေ့နေရတယ်။ ဒေါ်လေးက ကလေးအငယ်မရှိတော့ ကျမကို သိပ်ချစ်ပြီး သူတို့နဲ့ လယ်ထဲအတူနေဖို့ ချော့ခေါ်တော့ ကျမကလည်း (၈) နှစ်ကျော်ကျော်လေး။ ကလေးဘဝဆိုတော့ တောထဲတောင်ထဲမှာ နေရတာ အလွန်ပျော်ပါတယ်။ ဒါနဲ့ ဒေါ်လေးတို့နဲ့လိုက်နေတယ်။ ဒေါ်လေးမှာ မွေးစားသမီး မခွေးမ ဆိုတာရှိတယ်။ သူကလည်း ကျမကို သိပ်ချစ်တယ်။ ညီမလေး အရင်းလိုပဲ။ ညီအစ်မ နှစ်ယောက် ကစားလိုက်၊ လုပ်စရာရှိတာ ကျမက ကူညီလုပ်ပေးဆိုတော့ သိပ်ပျော်တာပဲ။

ဆောင်းရာသီရဲ့နေ့တနေ့ ...

ဆောင်းရာသီဆိုတော့ နေဝင်ရိုးရီဖြစ်ပေမယ့် အအေးဓာတ်က စိမ့်ဝင်လာပါပြီ။ ဒါကြောင့် ထမင်းစားပြီး မီးဖိုနားကပ် ထိုင်နေတုန်းမှာပဲ ဦးကြီးခက်တို့ တဲဘက်က အိုးစည်သံတွေ ကြားနေရပါတယ်။ ဒေါ်လေးက "ဟဲ့ ... သာအေးတို့ အိုးစည်ဝိုင်းတောင် ရောက်လာပြီပဲ၊ သွားကြတော့လေ ... မမယ်တင့်က မျှော်လှရော့မယ်"တဲ့။ ဒေါ်လေးက ပြောတော့မှ ညီအစ်မ နှစ်ယောက် တဲထဲက ထွက်လာကြတာ မခွေးမက ခြေလှမ်းသွက်သလောက် ကျမက မသွက်။ "ညကျရင် ဘယ်လိုလုပ်ရပ့်မလဲ။ ငါပြောရမယ့်စကားမှန်အောင်မှ ပြော နိုင်ပါ့မလား"နဲ့ စဉ်းစားရင်း အရီးတို့တဲကို ရောက်မှန်းမသိ ရောက်သွားခဲ့တယ်။

ဒီနေ့ဟာ ဦးကြီးခက်တို့ လယ်ကစပါးသိမ်းပြီး တနှစ်လုံးမောပန်းခဲ့ရတာတွေ မြေကြီးက ရွှေသီးလို့ မိတ်ဆွေသူငယ်ချင်း လယ်သမားတွေက တောဓလေ့ထုံးစံအတိုင်း လက်စား(အပြန်အလှန် ကူညီလုပ်အားပေး)လုပ်ကြတာ ပြီးသွားပြီမို့ အမောပြေ အပန်းပြေ ဒီည‌ အောင်ပွဲ(ပျော်ရွှင်ပွဲ)လုပ်ကြမှာ ဖြစ်ပါတယ်။

ဂျပန်ခေတ်ဆိုတော့ အစစအရာရာ ရှားပါးခက်ခဲကြတာမို့ ပျော်စရာ ပွဲလမ်းသဘင်ဆိုတာလည်း အင်မတန် နည်းပါတယ်။ ဒါကြောင့် ကိုယ့်နည်း ကိုယ့်ဟန်နဲ့ ပျော်ရွှင်မှုကို ရှာကြရပါတယ်။ (ဦးကြီးခက်တို့ အရီးမမယ်တင်တို့ဇနီးမောင်နှံ နှစ်ယောက်ဟာ ငယ်စဉ်က အရပ်ဆိုင်း ဒိုးသမားနဲ့ အရပ်ထဲက အငြိမ့်သမလေးတို့ ဖြစ်ကြတော့ သူတို့နှစ်ဦးကမွေးလာတဲ့ သားသမီးတွေ အားလုံးကလည်း အနုပညာ ဝါသနာအိုးတွေပဲ ဖြစ်ကြတယ်၊ သမီးနှစ်ယောက်၊ သားလေးယောက်ထဲမှာ သားအကြီးဆုံးက ပုလွေမှာ နာမည်ကျော်သလို သမီးအငယ် မသိန်းရီက အသားညိုညို မျက်ခုံးမျက်လုံးကောင်းကောင်းနဲ့ ရွာထဲမှာ အလှူအတန်း မှန်သမျှ သူမကဖူးတာ မရှိအောင် ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် သူတို့လယ်ပြီးတိုင်း လာရောက်ကူညီသူများကို လက်ဖက်ရည်ကြမ်းနဲ့ ကောက်ညှင်းပေါင်း ဧည့်ခံရုံမက အကလေးအတီးလေးကလည်း ပါစမြဲပါ။ လူကြီးတွေရော လူငယ်တွေပါ လွတ်လွတ်လပ်လပ်

ပျော်ကြပါးကြရပါတယ်။ ဒါက နှစ်စဉ် လုပ်နေကျပါ)။ သူ တို့ တဲကုန်းမှာ ဦးကြီးခက်တို့က နောက်ဆုံးသိမ်းတာမို့ အားလုံးက ဖိဖိစီးစီးနဲ့ ကူညီနိုင်ကြပါတယ်။ အားလုံးက တက်ညီလက်ညီနဲ့ဝိုင်း လုပ်ကြတာမို့ ပျော်စရာလည်း ကောင်းပါတယ်။

ကျမ ရင်လေးနေရတာက မသိန်းရီက သူအရင်ထွက်မယ်တဲ့။ ကျမကို နောက်ထွက်လုပ်ပါ။ သီချင်းကိုလည်း သူက 'အာရှ လူငယ်သီချင်း' ဆိုပြီး က – မယ်တဲ့။ ကျမကိုတော့ 'ရွှေဒေါင်းလံသီချင်း' ကိုဆိုပြီးကပါတဲ့။ ကျမက အရင်ထွက်ပဲ လုပ်ချင်တယ်။ ဘယ်လို မှ ပြောမရ။ သီချင်းကိုလည်း ရွှေဒေါင်းလံ သီချင်းဆိုပါ။ သူက မဆိုရဲ။ အဲဒီသီချင်းက စကားတွေ အများကြီးပြောရတာမို့ ကြောက်တယ် တဲ့။ နင်ပြောရင် ရပါတယ်ဟာ ဆိုပြီး ကျမကိုပဲ အတင်းခိုင်းနေတယ်။ ကျမလည်း ကြောက်တယ်။ ခက်ပြီ။ ဘယ်လိုငြင်းလည်းမရ။ နောက်ဆုံး ဦးကြီးခက်ကပါ ဝင်ပြီး "ကလိုက်ပါ ကလေးမရယ် ... ညည်းနဲ့ဆို သင့်ပါတယ်။ ဦးကြီးကလည်း ပါးစပ်ဆိုင်း ကောင်းကောင်း တီးပေးမှာပေ့ါ။ တို့လည်း ကြည့်ရတာပေ့ါအေ" လို့ ဝင်ပြီးပြောနေတာနဲ့ ကျမလည်း ငြင်းရခက်ခက်နဲ့ ခေါင်းညိတ်လိုက်ရတယ်။ တကယ်က ကလေးဆိုတော့ (က, ကလည်း က ချင်၊ ဝါသနာကလည်း ပါတာမို့ တော်တော်ခက်ပါတယ်။) ဂျပန်ခေတ်မှာ တော်ရောမြို့ပါ ရွှေဒေါင်းလံ သီချင်းက တော်တော် ခေတ်စားပါတယ်။ လူတိုင်းပါးစပ်ဖျားမှာ ခေတ်စားနေတဲ့ သူချင်းပါ။ အလှူပွဲ၊ မင်္ဂလာပွဲ ဘယ်ပွဲမှာပဲ ဖြစ်ဖြစ် ဒီသီချင်းမပါရင် မပြီးပါ။ တကယ်တော့ လသာတဲ့ ညတိုင်း ကျမတို့ကလေးတသိုက်ဟာ(မသိန်းရီအပါ) က,တမ်းကစား နေကျပါ။ ဒီတလင်းပြင်ထဲမှာ ကောက်လှိုင်းတွေနဲ့ ထွေးလားလုံးလားနဲ့ ကကြ ခုန်ကြကစားနေကျပါ။ မသိန်းရီတို့ မောင်နှမတွေ အားလုံး မိဘများကပါ ဝါသနာကြီးကြတာမို့ လသာရက်များမှာ ပျော်ရွှင်ရတာပါ။ အခု တလင်းသိမ်းပြီး စပါးသိမ်းပွဲမှာကျတော့ လာရောက်ကူညီသူများကို သာမက ရွာထဲက နီးစပ်ရာမိတ်ဆွေများကိုပါ လက်ဖက်ရည်ကြမ်းနဲ့ ကောက်ညှင်းပေါင်း ကျွေးမွေးပြီး ပျော်ပွဲရွှင်ပွဲနဲ့ပါ ဧည့်ခံမှာပါ။ အရင် နှစ်တွေတုန်းကတော့ မသိန်းရီ တယောက်တည်း ကတာပါ။ ဒီနှစ်မှာတော့ ကျမတိုးလာပြီး ပိုအားပြည့်လာတာပေ့ါ။

ဘုရားရေ ... ပွဲကြည့်ပရိသတ်ကလည်း မနည်းပါလား။ လူ (၅၀) ကျော် (၆၀) လောက် ရှိပါတယ်။ ဒီလို လူများများ မြင်ရလေ ကျမစိတ်ထဲမှာ ကြောက်လေလေပါပဲ။ ဆိုင်းနဲ့ဝိုင်းနဲ့၊ စည်းနဲ့ဝါးနဲ့ တခါမှ လူကြားထဲ မကဘူးတဲ့ ကျမဟာ ဒူးတုန်လာပါတယ်။ မသိန်းရီ ဟာ ကလို့ ပြီးကာနီးမို့ "(ဒို့ တကိုယ်ကောင်း စိတ်ထားပယ်၊ အများအကျိုးတွက် ထမ်းရွက်မယ်)၂ နေမင်းရောင် လမင်းရောင် ဒို့အစွမ်းပြရအောင်" ဆိုတဲ့အပိုဒ်ကို ထပ်တလဲလဲ ပြန်ဆိုပြီး တကြိမ်နဲ့တကြိမ် ကကြိုးတွေ မထပ်ရအောင် ကပြနေတာပါ။ အသားညိုညို သွယ်သွယ်လေး ဆံထောက်နောက်ကွေးလေးနဲ့ ကြည့်လို့အင်မတန် ကောင်းလှပါတယ်။ ကြိုးကြာပျံ ခင်သိန်းရီဆိုပြီး လူပျက်(လူရွှင်တော်)တွေ က အော်ဟစ်အားပေးနေပါတယ်။ ပရိသတ်ကလည်း လက်ခုပ်သံ တဖြောင်းဖြောင်းနဲ့ ဩဘာပေးနေကြ ပါတယ်။ ကျမလည်း မသိန်းရီ ရဲ့ကဟန်လေးတွေ ကြည့်ပြီး စိတ်ထဲမှာ မှတ်သားနေပါတယ်။(အတုခိုးနေပါတယ်)။

ကျမကိုလည်း အရီးလေး မမယ်တင်က အလှပြင်ပေးထားပါတယ်။ ကျမက ဆံရစ်ဆံထောက်ကလေး (ဂျပန်ဆံထောက်)ဆို တော့ ခေါင်းမှာ ဆံထုံးထုံးပေး၊ မျက်နှာကိုလည်း လှနေအောင် ချယ်မှုန်းပေးထားပါတယ်။ ဖော့ပန်းအဖြူလေးတွေ သီကုံးထားပြီး ဆံထိုးကို ဝိုက်ပန်ပေးထားတယ်။ နှင်းဆီပန်း ပန်းရောင်လေးတွေ ဆံထုံးဘေးမှာ ပန်ပေးထားသေးတယ်။ သနပ်ခါး လိမ်းပြီး သူသိမ်းထားတဲ့ ပန်းနုရောင် ပန်းပွင့် မြိုင်မြိုင်ပါတဲ့ သရက်ထည် လုံချည် တထည် ထုတ်ပေးကာ ခါးမှာတင်းကျပ်နေအောင်ဝတ်ကာ ခါးပတ် ပတ်ပေးထားတယ်။ ပဝါက တော့ မသိန်းရီ က,ပြီးသွားလို့ သူ့ဆီက ယူထားပြီးပါပြီ။ မသိန်းရီကတော့ အောင်မြင်သွားပါပြီ။ ကျမပဲ ကျန်ပါတော့တယ်။

မသိန်းရီက ကျမဘေးနားကို ပြုံးရွှင်စွာ ရောက်လာပြီး ကျမလက်ထဲက ပန်းနုရောင်ပဝါလေးကို ကျမလည်ပင်းပေါ် လှလှပပ လေး တင်ပေးရင်း "ကဲ ... ကဲ သွားတော့ နင့်အလှည့်ရောက်ပြီ။ ဘာမှ မကြောက်နဲ့။ ရဲရဲသာလုပ်" တဲ့။ ကျမလည်း ဇာတ်ခုံအဖြစ် သတ်မှတ်ထားတဲ့ ကြိုးတန်း ညာဘက်ဘေးက မီးဖိုနားမှာ ရပ်ပြီး အသင့်စောင့်နေပါတယ်။ လူရွှင်တော် (၃) ယောက် စကားပြော နေကြပါ ပြီ။ "အခု နောက်ထွက်မယ့် မင်းသမီးလေးက ဘယ်သူတဲ့လဲ"။ တယောက်က အစချီလိုက်တော့ ကျန်နှစ်ယောက်က "ရူပါရုံ အောင်စန်းကြည် တဲ့ ... ဗျာ"။ "အော် ... အော် ။ ကဲ ... ကဲ မင်းသမီးခေါ်ရအောင် ။ ကဲ ဘယ်သူ ခေါ်မလဲ" ။ ကိုသိန်းမောင်(မသိန်းရီရဲ့ အစ်ကိုယ်)က "ကျနော် အရင်ခေါ်မယ်" လို့ပြောလိုက်တော့ (၃) ယောက်သား သူခေါ်မယ်၊ ငါခေါ်မယ်နဲ့ ငြင်းနေကြပြီးတော့ အကြီးဆုံးဖြစ်တဲ့ ဦးလေးကိုသာအေးက "ကဲ ... ကဲ မင်းက အငယ်ဆုံးဆိုတော့ မင်းကိုပဲ တို့က ဦးစားပေးလိုက်ပါမယ်။ ကဲကဲ ခေါ်"။

ကိုသိန်းမောင်ဟာ ခေါင်းက ဆံပင်ကို သပ်လိုက်၊ အဝတ်အစားတွေ သပ်သပ်ရပ်ရပ် ပြင်လိုက်နဲ့လုပ်ပြီး "ကဲ ... ခေါ်ပြီနော်။ အနုအလှတွင် ထိပ်တင်၊ အနုအလှတွင် ထိပ်တင် အလှတွင် အယဉ်ဆင့်ပါလို့" – လို့ဆိုပြီး တီးဝိုင်းကို လှမ်းကြည့်လိုက်တော့ 'ပလို့ဂိ' ဆို

တဲ့ အသံထွက်လာတယ်။ "အလှတွင် အယဉ်ဆင့်ပါတဲ့ ... အို ... ဗျ၊ အရီးမရွှေပွင့် အကြော်တပွဲလောက် ပေးပါဦး"လို့ လက်ဟန် ခြေဟန်နဲ့ လုပ်လိုက်တော့ ဝါးကနဲ ပွဲကျသွားတော့တယ်။ ရှေ့ဆုံးက ဆေးလိပ်မီးတဖွားဖွားနဲ့ ပွဲကြည့်နေတဲ့ အကြော်သည်ကြီး အရီးမရွှေပွင့်က တဟားဟား ရယ်နေရာက "ဟဲ့ – သေနာလေး၊ နင့်ဟာနင် မင်းသမီးကို ခေါ်တာ ကောင်းကောင်း ခေါ်ပါ့လား။ ဘာပြုလို့ ငါ့နာမည်ကို ထည့်ခေါ်နေတာလဲ" တဲ့ ရန်တွေ့လိုက်တော့ ပရိသတ်က ပိုပြီးသဘောကျ၊ ရယ်နေလိုက်တာ အတောမသတ်နိုင် အောင်ပါပဲ။ ပွဲငြိမ်သွားတော့ ကိုကုလားကြီး(မသိန်းရီရဲ့ အကိုကြီး) က "ကဲ ... ကဲ၊ ဒီကောင်နဲ့ မဖြစ်ဘူး။ မင်းသမီးကို ခေါ်တယ် ဆိုတာ ယဉ်ကျေးသိမ်မွေ့ပြီး လှလည်းလှရမယ်၊ ပညာသားလည်း ပါရမယ်။ ကဲ ဒီမှာကြည့် ငါခေါ် ပြမယ်။ အဟမ်း ... အဟမ်း နဖူးဆံစ အထူးဟန်သပါတဲ့ "... ပလို့ဂျိ။ တီးဝိုင်းကပါ ကူလိုက်ပါတယ်။ "နဖူးဆံစ၊ အထူးဟန်သပါတဲ့ ... အိုဗျ ... ဦးပဏ္ဏဝကိုယ်တော်ကြီး ဆွမ်းစား ကြွတော်မူပါဘုရား" ... လို့ ကျမရှိတဲ့ဘက်ကို မျှာက်နှာမူပြီး ထိုင်ကန်တော့လိုက်တော့ ဘာပြောကောင်းမလဲ ... လူတွေဆိုတာ ကလေး လူကြီး ဝေါကနဲ ရီလိုက်ကြတာ ပတ်တုတ်လို့တောင် မနိုင်ဘူး။ ဒီအခါ ကျမလည်း တော်တော်ရှက်သွားတယ်။ ကချင်စိတ်တောင် ပျောက် သွားတယ်။ ကျမစိတ်ထဲက ကြိတ်ပြီး ရေရွတ်လိုက်မိပါတယ်။(သေနာကြီး တသက်လုံး မိန်းမ မရပါစေနဲ့)လို့ ကျိန်ဆဲ နေမိတယ်။ ဒီတချီ ပရိသတ်ငြိမ်တော့ နောက်ဆုံးဖြစ်တဲ့ ဦးလေးကိုသာအေးက ထတဲ့ပြီး "မင်းတို့တတွေ တယောက်မှ မဟန်ဘူး။ မင်းသမီး မခေါ် တတ်ဘူး။ ပရိသတ်က ကြည့်ချင်တာက မင်းတို့ကို မဟုတ်ဘူး။ မင်းသမီးလေးကို သိရဲ့လား။ ပရိသတ်ကိုလည်း လေးစားရမယ်။ မင်းသမီးလေးကိုလည်း ခွန်းဆက်ပျူငှာ ယဉ်ကျေးစွာ ရှိရမယ်။ ဒီတခါ ငါခေါ်မယ်။ အဟမ်း ... အဟမ်း အချောအလှတို့ရဲ့ ထိပ်တင်၊ သူသူငါငါ တုယှဉ်မနိုင်တဲ့ (ပလို့ဂျိ တီးဝိုင်းက ကူလိုက်ပါတယ်) သူသူငါငါ တုယှဉ်မနိုင်တဲ့ ... အနုအယဉ် မှန်သမျှတို့ရဲ့ ဖူးငုံ၊ အိုကွဲ့ ရှုပါရုံ လေး၊ ဦးလေး ခေါ်သကွဲ့"။

ဒီတချီတော့ ဦးကြီးခက်ရဲ့ ပါးစပ်ဆိုင်းနဲ့အတူ ပုလွေသံ ဗုံခေါက်သံတွေဟာ ငြိမ့်ငြိမ့်ညောင်းညောင်း စီးဝါးတွေနဲ့ အတူ ထွက်ပေါ် လို့လာပါပြီ။ ကျမလည်း ယိုးဒယားဟန်နဲ့ ပျော့ပျော့ပျောင်းပျောင်းလေး ထွက်ကလိုက်ပါတယ်။ ဦးလေး ကိုသာအေးက ဝါး လက်ခုပ်တချောင်းကို ယူပြီး ဝါးလိုက်ပေးနေရုံမက ပါးစပ်ကလည်း တူနှယ်တဲ့နှယ်၊ တူနှယ်တဲ့နှယ်နဲ့ ဦးကြီးခက်ရဲ့ သံစဉ်နဲ့အတူ ဆိုင်း လိုက်ပေးပြီး ကျန်နှစ်ယောက်ကတော့ ယိုးဒယား၊ ယိုးဒယားနဲ့ ဝိုင်းအော်ပေးနေကြတယ်။ တချီ က အပြီးမှာတော့ ဩဘာသံတွေ ဆူညံစွာ ပေါ်ထွက်လို့ လာပါတယ်။ နောက် "ဘာသီချင်းနဲ့ ကန်တော့ပန်းဆင်မှာလဲ"လို့ မေးတော့ "ရွှေဒေါင်းလံ သီချင်းနဲ့ ကန်တော့ ပန်း ဆင်ပါ့မယ်"လို့ ပြောလိုက်ပါတယ်။ ဒီရွှေဒေါင်းလံ သီချင်းဟာ ဆိုလို့ကောင်း၊ ကလို့ကောင်း၊ အလွန်လည်း ခေတ်စားပါတယ်။ ဇာတိသွေး ဇာတိမာန် တက်ကြွမှု အပြည့်ပါတဲ့ သီချင်းလည်း ဖြစ်ပါတယ်။ သီချင်းကတော့ ဒီလိုပါ။

## ရွှေဒေါင်းလံသီချင်း

(ဇာတိမာန် ... ထက်သန်စေဖို့ရာ အမိမြန်မာပြည် ဇာနည်ဘွားတို့ လက်ခမောင်းခတ်ကာ သတ္တိရောင်တွေဖြာ)၂ (ဘယ်လူ မျိုးမှ မကြောက်ခဲ့ပါ × သခင်မျိုးပေ့ ဒို့ဗမာ) ၂ (ဆရာစိန်အဖွဲ့တော်သားက ဆန်းသမျှ × လမ်းပြပေရှာ)၂ စည်းစိမ်ရတနာ ဆိုတာ လူတိုင်းပင် စီးပွားတက်ဖို့ရာ အော် ... အဖွဲ့တော်သားကသာ × မေတ္တာလက်ဆောင် × ရွှေဒေါင်းတောင် ပါ။

သံပြိုင် – ( သာကီအပေါင်း ကောင်းဖို့ရာ ဒေါင်းအိုးဝေ မြည်ကျူးရှာ × သုံးမျိုးသော ရောင်ယှက်ဖြာ × နီဝါရောင်စိမ်း ... ဗဟို အလည်မှာ)၂ မွန်မြန်မာအပေါင်းတို့ အားတက်နိုင်စေရာ ... ရွှေဒေါင်းလံနဲ့ ငွေမောင်းခတ်ကာ × ဗမာပြည်မှာ × ဇာနည်သွေးဂုဏ်ဖြာ...

ရှေးရှေးက မင်းအပေါင်းရာဇာ မင်းအပေါင်းရာဇာ × တကယ့်ကိုလူစွမ်းကောင်းပေတာ × (ဟုတ်ပါပေသဗျို့ × မှန်ပါပေသဗျို့) ရှေးရှေးက မင်းအပေါင်းရာဇာ မင်းအပေါင်း ရာဇာ × တကယ့်ကို လူစွမ်းကောင်းပေတာ(ဟေလား ယောကျ်ား ဘသားလေးလေး) (သေသေ ကျေကျေ ဗမာ့ဂုဏ်ကို ယူ ... ဒေါင်းအလံထူလို့ စစ်ရေးပြခဲ့တာ )၂ × × × (အခဲမကျေစရာ × ထီးရယ် နန်းရယ် × ခုတော့ ပျောက်လို့သာ × ဘယ်သော ဘယ်ခါ × စိုးမိုးအုပ်ချုပ်မှုပေါ်မှာ)၂ (ဆရာစိန်အဖွဲ့က စီရေးတာ)၂ × × × သတ္တိလည်း ရှိတဲ့ ငါတို့မြန်မာ ... သာကီအပေါင်း × × × ဗမာပြည်မှာ ဇာနည်သွေး ဂုဏ်ဖြာ ...

ကောင်းသူများကို ကယ်တင်စေရာ ... ဒေါင်းမင်းကြွလာ × မကောင်းသူများကို ဖယ်ရှားမှာ အားလုံးချမ်းသာ × × ရွှေဒေါင်း လံ အမည်ခလို့ × အမျိုးသား သမီးတို့ အားလုံး မ,စေရာ။

ကျမဟာ ဒီအပိုဒ်ကို ထပ်ပြန်တလဲလဲ သီဆိုပြီး ကကြိုးမထပ်ရအောင် ကြိုးစားပြီးကနေပါတယ်။ ဝဲပျံခုန်ပေါက်ပြီး ကနေတာ ပရိသတ်ကလည်း ဩဘာသံတွေ မစဲအောင် ဖြစ်နေပါတယ်။ ကျမလည်း က, ရင်း၊ က, ရင်းနဲ့ ကိုယ့်ကိုယ်ကိုယ် တကယ့် ရုပ်ရှင် အောင်စန်းကြည် လိုလို၊ ဘာလိုလို စိတ်ထဲမှာ ထင်လာပါတယ်။ အဲဒီလို ဆိုလိုက်ကလိုက်နဲ့ အစွမ်းကုန်လုပ်နေတော့ ဆောင်းတွင်းကြီး ပေမယ့် ချွေးဒီးဒီးကျ နေပါတယ်။ လူပျက်တွေကလည်း ရုပ်ရှင် အောင်စန်းကြည်ကွ၊ ဘာတဲ့တုန်း – ကလေးမရေ နဲ့ ဝိုင်းပြီးအားပေးအား မြှောက်လုပ်ကြရင်း ရေပေးတိုက်သူကတိုက်၊ ယပ်ခတ်ပေးသူကပေးနဲ့ ခဏအမောဖြေရင်း နားနေလိုက်ပါတယ်။ ဒီအချိန် လူပျက်တွေက လည်း ရယ်စရာ ပျက်လုံးတွေ ထုတ်ရင်း ကျမအနားရအောင် ဝိုင်းကူညီပေး ကြပါတယ်။ ဒီလိုနဲ့ ကျမလည်း အမောပြေတော့ ထသွားပြီး လူပျက်တွေနဲ့ စကားပြောပါတယ်။ ဒီအချိန်ဦးလေး ကိုသာအေးက–

"နေစမ်းပါအုံး ကလေးမရယ်၊ ဒီရွှေဒေါင်းလံ သီချင်းထဲက–ဒေါင်းအိုးဝေ မြည်ကျူးရှာ × သုံးမျိုးသော ရောင်ယှက်ဖြာ × နီဝါရောင်စိမ်း ဗဟိုအလည်မှာ – ဆိုတဲ့ အပိုဒ်ကလေးကို အဓိပ္ပာယ်မသိလို့ ကလေးမ သိရင် တဆိတ်လောက် ရှင်းပြပါလားကွယ်"

"ဒီလိုပါ ဦးလေးရယ် ... သုံးမျိုးသော ရောင်ယှက်ဖြာ နီဝါရောင်စိမ်း ဗဟိုအလယ်မှာ  ဆိုတာက ... ဒီလိုပါရှင် ... အနီရောင် ဆိုတာက မြင်ရသူဘဝင်အသဲမှာ ရဲစိတ်ရဲမာန် ထက်သန်စေရမယ်။ အဝါရောင်ဆိုတာက ဘာသာ၊ သာသနာ၊ ပညာတွေ တိုးတက် စေရမယ်။ အစိမ်းရောင်ဆိုတာက စပါးဆန်ရေ၊ ရွှေ၊ ငွေရတနာ အထွေထွေ ပေါများစေရမယ် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အခုလို သတ်မှတ် ထားတာပါရှင်။ ဗဟိုအလယ်မှာတော့ ကျမတို့ အမိမြန်မာပြည်ရဲ့ သင်္ကေ တဖြစ်တဲ့ ကျက်သရေ မင်္ဂလာ အပေါင်းနဲ့ပြည့်စုံတဲ့ ဒေါင်းရုပ် ဖြစ်ပါတယ်ရှင်။ အင်မတန် မြင့်မြတ်တဲ့ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ ရွှေဒေါင်းလံ ဖြစ်ပါတယ်ရှင်"

"ဟာ ... ဒီလိုတဲ့လား။ တယ်လည်း မင်္ဂလာ ရှိတဲ့ စကားပေကိုးဗျ"။

"မှန်ပါပေတယ်"

ဒီလို ရှင်းပြပြီးတဲ့နောက် ကျမဟာ မဆုံးသေးတဲ့ သီချင်းကို ပြန်ဆက်ဆိုလိုက်ပါတယ်။

ကောင်းသူများကို ကယ်တင်စေရာ ... ဒေါင်းမင်းကြွလာ × မကောင်းသူများကို ဖယ်ရှားမှာ အားလုံးချမ်းသာ × × ရွှေဒေါင်းလံ အမည်ခလို့ × အမျိုးသား သမီးတို့ အားလုံး မ – စေရာ × ဒို့ပြည်ရနိုင်စရာ ... ဟေ့ ... ဒို့မြေရနိုင်စရာ ... ဟေ့ သတ္တိညီညီ တည်ကြည်ကြပါ။ ချိုးနှိမ်ကြ၊ လူမျိုးခြားကိုသာ ...

သံပြိုင် –(သာကီအပေါင်း ကောင်းဖို့ရာ  ... ... ... ... ... ... ရွှေဒေါင်းလံနဲ့ ငွေမောင်းခတ်ကာ ဗမာပြည်မှာ ဇာနည်သွေးဂုဏ်ဖြာ × × )

ကျမ ကပြီးလို့ မသိန်းရီတို့ရှိတဲ့ မီးဖိုဘေး သွားလိုက်ပါတယ်။ ဦးကြီးခက်တို့ အရီးမမယ်တင်တို့က –

"ကောင်းတယ်ဟေ့၊ သိပ် ကောင်းတာပဲ၊ ဟန်ကျတာပဲဟေ့၊ နွေပေါက်ရင် (နွေရောက်ရင်) မောင်ထွေးကို ရှင်ပြုတဲ့အခါ ပွဲဝင်တဲ့နေ့ ညေ့ခံမှာ ညည်းတို့ ညီအစ်မ နှစ်ယောက်ကို က ခိုင်းမယ်။ တကယ့်ပွဲကြီးနေ့ကျမှ မြို့ပေါ်က အငြိမ့်ကို ထည့်မယ်"

"အို...ကျမက,တာ ဒီလောက်မကောင်းပါဘူး။ မသိန်းရီကမှ အကလည်းကောင်းလှလည်းလှတာ"

"ကောင်းပါတယ်အေရယ်။ အခုကို ပွဲ ကြည့်ရင်း သူများတွေက ပြောနေပြီအေ့၊ မြို့ပေါ် က အငြိမ့်ငှားစရာတောင် မလိုဘူးတဲ့တော်"

ဒီအချိန် ဦးလေးကိုသာအေးက ခေါင်းဆောင်ပြီး အိုးစည်တဖွဲ့ မြိုင်မြိုင်ဆိုင်ဆိုင် တီးထွက်လာတာကို ကောက်ညှင်းပေါင်း စားရင်းက လှမ်းကြည့်လိုက်မိတယ်။

"ဟယ် ... အိုးစည်မင်းသားက အောင်ကြည် ကြီးတော့။ အောင်ကြည် ကနေတယ်" မသိန်းရီက တအံ့တသြနဲ့ ဝမ်းသာအား ရပြောနေပါတယ်။

ဟုတ်ပါရဲ့။ ကိုအောင်ကြည်ကြီးက မကစဖူး ကနေပါလား။ ကျမတို့ကတုန်းက ခြုံတဲ့ ပန်းရောင်ပဝါကိုပဲ လှလှပပ ခေါင်းပေါင်းပြီး ပဝါစကို လှလှလေးချလို့။ မျက်နှာမှာလည်း ပါးကွက်တွေနဲ့ ရွာက မိန်းကလေးတသိုက် စုထိုင်နေတဲ့ဘက်ကို မျက်စ ပစ်ပြပြီး ကနေပါတယ်။ သူက မျက်စပစ်ပြီး က တိုင်း ပရိသတ်က သဘောကျပြီး တဝေါဝေါရယ်နေပါတယ်။

"အပုတို့ကတော့ မင်းသားတလက် မွေးထားတာကိုး...ဒို့များသိပေါင်တော်။ အခုမှ သိရတယ်"အရီးမပုကလည်း

"အေးတော့။ ကျုပ်လည်းမသိဘူး။ တခါမှ မတွေ့ဖူးဘူး။ သူ့ ဘ သိရင်၊ ဘာများပြောမလဲ မသိပါဘူး"

"ဘာပြောရမှာလည်း အေ့။ မကောင်းတာ လုပ်တာလည်း မဟုတ်။ ဟိုမှာ ကြည့်ပ့ါလား။ သူ့အဘရယ်။ ပါးစပ်ကြီးဖြဲပြီးတော့

ရယ်နေတာ’’ သီချင်းကလည်း ရွှေဒေါင်းလံ သီချင်းထဲက တပိုဒ်ကို ထပ်ခါတလဲလဲ ဆိုပြီး ကနေတော့ –

“ကောင်းသူများကို ကယ်တင်စေရာ × ဒေါင်းမင်းကြွလာ × မကောင်းသူများကို ဖယ်ရှားမှာ × အားလုံး ချမ်းသာ × ရွှေဒေါင်းလံ အမည်ခလို့ အမျိုးသားသမီးတို့ အားလုံး မ,စေရာ … တဲ့။

ဒို့ပြည် ရနိုင်စရာ – ဟေ့ – ဒို့မြေရနိုင်စရာ × သတ္တိညီညီ × တည်ကြည်ကြပါ × ချိုးနှိမ်ကြ လူမျိုးခြားကိုသာ’’ …

အဲဒီလို တဝါးဝါး တဟားဟားနဲ့ ပျော်ကြပြီးနောက် ဦးလေးကိုသာအေးက သိပ်ညဉ့်နက်သွားမှာ စိုးလို့ ဝိုင်းတော်သားတွေကို ထိမ်းပြီး ပွဲသိမ်းမှာ – “အောင်ပါလေ … သပြေညိုဆိုတဲ့ ပန်းရယ်နဲ့ ရေချမ်းကိုလောင်း’’ … လို့ဆိုပြီး စည်တော်သံနဲ့ ပွဲသိမ်းလိုက်ပါတယ်။ ပျော်လိုက်တဲ့ဖြစ်ခြင်း ဘာပြောကောင်းမလဲ။

“ကောင်းညှင်းပေါင်း များများစားကြပါ။ အားမနာကြပါနဲ့တော်။ ကောက်ညှင်းပေါင်းထားတာ အများကြီးပဲ။ ဟဲ့ – သိန်းကြည် တို့၊ သိန်းရီတို့ အပိုပွဲ များများ လိုက်ကြစမ်းပါ။ ဘုရားလည်း လှူပြီးပြီ၊ ဘုန်းကြီး ကျောင်းလည်းလှူပြီးပြီ၊ ပုန်းမကျီနတ်လည်း တင်ပြီးပြီ။ စားကြစမ်းပါ အားရပါးရ။ ပဲလွန်းစေ့နဲ့ သေသေချာချာ ပေါင်းထားတာ တော်ရေ့။ ကောင်းမှ ကောင်း’’

ဦးကြီးခက်တို့ အရီးမမယ်တင်တို့ မိသားစုဟာ ပျော်တပြုံးပြုံးနဲ့ ဖြစ်နေပါတယ်။ အားလုံးကလည်း ပျော်ပျော်ပါးပါး စားကြပြီး နောက်၊ ရွာက လူတွေလည်း ပြန်ကြပါပြီ။ ကျန်တဲ့လူတွေလည်း ကိုယ့်တဲကိုယ် ပြန်ကြပါပြီ။ တဲရောက်တော့ အားလုံး မောမောပန်းပန်းနဲ့ အိပ်ကြပါတယ်။ ဘယ်လောက်အထိ အိပ်ပျော်သွားတယ်မသိ။ ညသန်းကောင်ကျော် အချိန်လောက်မှာ မိုးချုန်းသံကြီးလို အသံနဲ့ အတူ သေနတ်သံ ဆူဆူညံညံတွေ ရွာဘက်က ကြားရပါတယ်။ ကျမတို့ အားလုံး လန့်နိုးကြပါတယ်။ တဲအပြင်ဘက် ကြည့်လိုက်တော့ မှောင်နဲ့ မဲမဲမို့ ဘာမှ မမြင်ရပါ။ ကျမရဲ့ ဦးကြီး(ဒေါ်လေးရဲ့ခင်ပွန်း)က ဟိုဘက်တဲကို လှမ်းအော်ပြောလိုက်ပါတယ်။

“ဟေ့ – ကိုရိုး ကြားသလား ဟေ့ … ရွာဘက်က ဘာဖြစ်သလဲ မသိဘူး။ မနက်မိုးလင်းမှ သိရတော့မှာပဲ’’။

ဒီလိုနဲ့ ကျမတို့ တဲကုန်းတခုလုံး နိုးလာကြပြီး “ဘာဖြစ် တာပါလိမ့်။ ဘာဖြစ်တာပါလိမ့်’’ဆိုတဲ့ အတွေးနဲ့မို့ အိပ်လို့လည်းမရ၊ နေလို့လည်းမရ ဖြစ်နေရပါတယ်။

×××× ×××× ××××

မိုးလည်းလင်းရော ဦးကြီးခက် ရောက်လာပါတယ်။ “အခြေအနေ သိရအောင် အငယ်ကောင်(ကိုသိန်းအောင်)ကို ရွာဘက် လွှတ်လိုက်တယ်ဗျို့။ သူပြန်လာရင်တော့ သိရမှာပဲ’’လို့ လာပြောတယ်။ မနက် ဆွမ်းခံချိန်လောက်မှာ ကိုသိန်းအောင် တယောက် မျက်စိပျက်၊ မျက်နှာပျက်နဲ့ ပြန်ရောက်လာတယ်။ တဲကုန်းက လူတွေလည်း သိချင်ဇောနဲ့စောင့်နေကြတာ …

“ဖြစ်ပုံက ဒီလိုဗျ။ အောင်ကြည်ရယ်၊ ညက ဂျပန်တွေရဲ့ ဘားတိုက်ကို လက်ပစ်ဗုံးနဲ့ ဝင်ပစ်တာ ၊ ငပုတွေက အိပ်ကောင်း တုန်း ဆိုတော့ အဒိုက်မိသွားတာပေါ့။ ငပု (၂)ယောက်သေတယ် (၃) ယောက် ဒဏ်ရာရသွားတယ်တဲ့။ ကင်းကလွှတ်နေတော့ ကင်းက လိုက်ပစ် တာ အောင်ကြည်ပေါင်ကို မှန်သွားတယ်။ ဆက်မပြေးနိုင်တော့ဘဲ ငပုတွေ လက်ထဲ ဖမ်းမိသွားတယ်။ ထုံးစံအတိုင်း စစ်ဆေးတာပေါ့ဗျာ။ ဘာမှ မရတော့၊ လှံစွပ်နဲ့ ဝိုင်းထိုးကြတယ် တဲ့။ နောက်တော့ ခေါင်းဖြတ်ပြီး ဈေးနားက ရွာလယ်ခေါင် လမ်းဆုံမှာ ငုပ်ရိုက်ပြီး ချိတ်ပြထားတယ်။ ကျုပ်သွားကြည့်ခဲ့တယ်’’

ကိုသိန်းအောင်ဟာ ပြောရင်း အသံတွေ တုန်လာတယ်။ တောက်တချက် ခေါက်ပြီး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထား တယ်။ “အောင်ကြည်ဟာ တကယ့် သတ္တိခဲဗျ။ အံကို တင်းနေအောင် ကြိတ်ထားတယ်။ သူ့မျက်လုံးက မုန်းတီးစိတ်နဲ့ အရောင်တဖိတ် ဖိတ် တောက်နေပြီး၊ ရှေ့တည့်တည့်ကို ကြည့်နေတယ်’’လို့ ပြောရင်း မျက်ရည်တွေ ကျလာပါတယ်။ ပြီးတော့မှ သူ့စိတ်ကို သူ ထိန်းပြီး “ဘကြီးမှုန်က မှာလိုက်တယ်။ ဦးကြီးရိုးနဲ့ အရီးမပုလေးတို့ ရွာကို မလာကြနဲ့’’တဲ့။ “သူက(ဘကြီးမှုန် ရွာသူကြီး)က ရန်မီးတွေ ဆက်မပွားရအောင်လို့ ဒီကောင်ဟာ ဒီရွာက မဟုတ်ဘူး။ အညာက လာပြီး သူရင်းငှား(လယ်ကူလီ)လာ လုပ်နေတာလို့ ပြောထားတယ်’’တဲ့။ “ငါပြောတဲ့အတိုင်း ပိပိရိရိ နေကြပါလို့ အကြိမ်ကြိမ်မှာလိုက်တယ်ဗျ’’

“ဒါဖြင့် ငါ မောင်ရိုးနဲ့ မပုကြီးတို့ကို သွားအကြောင်းကြားလိုက် အုံးမယ်။ မင်းတို့လည်း သတိ၊ ဝိရိယနဲ့ နေကြ။ ဟို ငြေဆို တဲ့ စကားပြန်က ဘာတွေ ဝင်ရှုပ်အုံးမယ်မသိဘူး’’။ “ဘကြီးမှုန်က ကိုငြေကိုလည်း ကောင်းကောင်း ပြောထားပြီတဲ့။ ဒီကောင် ယီးတီး ယားတား မလုပ်ရဲပါဘူး’’တဲ့။ ကျမတို့ ကလေးတသိုက်ဟာ ဦးကြီးခက် နောက်က မသိမသာ လိုက်သွားကြပါတယ်။

“ဟေ့ – မောင်ရိုး … မောင်ရိုး – အပုကော ရှိကြသလား ဟေ့’’ ဦးကြီးခက်က တဲထဲကို ဝင်လိုက်ပြီး “ဦးကြီးအောင်မြကော ရှိသလား’’

“မရှိဘူး ကိုကြီးခက်ရေ … အဘ တောဘက် ခဏထွက်သွားတယ်”။

“ဒီလိုကွ ညဘက်က အဖြစ်အပျက်က… ”လို့အစချီ ပြီး အဖြစ်အပျက် အလုံးစုံကို အကုန်ပြောပြလိုက်ပါတယ်။ ဦးကြီးခက်ရဲ့ စကားလည်းဆုံးရော အရီးမပုလေးက သံကုန်ဟစ်ပြီး ငိုချလိုက် တယ်။

“အမယ်လေး – သားကြီးရဲ့ အဖြစ်ဆိုးလှချီလား … ညကပွဲပြီးတော့ ကိုသာအေးတို့နဲ့အတူ ရွာခဏလိုက်သွားချင်တယ်လို့ ပြောတော့… ငါ့မှာ အကောင်းမှတ်လို့ ခွင့်ပြုလိုက်တယ်။ ဒီလိုမှန်းသိရင် ပေး မလွှတ်ပါဘူး။ သားကြီးရေ…အောင်ကြည်ရေ… အမေ့ကို ပါ သတ်သွားပါတော့ လူလေးရေ … ”နဲ့ ဝမ်းပန်းတနည်း ငိုလိုက်ပါတယ်။

“ကိုရိုးရေ … ကျုပ်တို့ ဘယ်လို လုပ်ကြမလဲတော့… ”

ဦးကြီးကိုရိုးဟာ ပင်ကိုယ်ကတည်းက လူအေးဆိုတော့ ဘာမှမပြောတတ်။ မဆိုတတ်။ ဟီးချလို့သာ ငိုနေပါတယ်။ တချက် တချက် တောက်လည်း ခေါက်နေပါတယ်။

“အမယ်လေး … အုံးကြင်ရဲ့ ကြားကြတယ် မဟုတ်လား။ ကောင်းကြသေးရဲ့လားအေ့။ ညက သူအပျော်လွန်ပြီး က,နေတာ ငါ့ မျက်စိထဲကကို မထွက်ဘူး။ ငါ့သားကြီး က,တတ်လိုက်တာ … လို့ ငါ့မှာ ကြည့်ကောင်းကောင်းနဲ့ ကြည့်နေလိုက်တာ … လက်စသတ်တော့ သေပန်းပွင့်တာကိုး … သားကြီးရေ … အမယ်လေး … လူလေး …” အရီးဟာ ငိုရင်းနဲ့တက်သွားလိုက်တာ မျက်ဖြူကြီးလန်လို့။

“အမယ်လေး လုပ်ကြပါအုံး။ အပုကြီး တက်နေတယ်” နဲ့ ထိတ်ထိတ်ပြာပြာ အော်ရင်း ဟစ်ရင်း အမျိုးသမီးတသိုက် ပြာယာ ခတ်သွားတယ်။ မနဲ နှာနပ်ယူ နေရတယ်။

“မပုကြီး … မပုကြီး သတိရပြီလား။ စိတ်ကိုတင်းတင်းထားပါအေ။ ဖြစ်လာမှတော့ ကိုယ့်စိတ် ကို တင်းတင်း ထားပါ။ ငါတို့လည်း ရှိနေတာပဲ” ဒေါ်လေးက အားပေးရင်း ပွေ့ချီထားပါတယ်။

ဒီအခိုက် အဖိုး ဦးအောင်မြ ဝင်လာတာကို မြင်လိုက်တော့ – အရီးက “အဘရေ … ကျုပ်တို့အဖြစ်ကို သိပြီးပြီလား အဘရဲ့။ အဘရဲ့မြေးလေး … အသေဆိုးနဲ့ သေရှာပြီ အဘရဲ့။ သူမရှိတော့ဘူး။ လူလေးရေ… အဖြစ်ဆိုးလှတဲ့သားကြီးရေ … လူလေးရေ… ”

ဒီအချိန် ဘာတခွန်းမှ မပြောဘဲ ငြိမ်နေတဲ့ အဘဟာ ရုတ်တရက် ပြောလိုက်ပါတယ်။

“ ဒီမယ်အပု ငါပြောမယ်။ မောင်ရိုးကော အားလုံးကောင်းကောင်း နားထောင်စမ်း။ အခု ငါ့မြေးက ငါတို့တတွေ မလုပ်နိုင်တဲ့ အလုပ်ကို သူက ရဲရဲရင့်ရင့်နဲ့ လုပ်ပြသွားတာကွ။ ငါတို့အမျိုးက အမျိုးထိရင်မခံဘူး။ ဗမာ့သတ္တိပြတာကွ။ ငါ့အဖိုး ဆိုတာကလည်း ကုလားဖြူတွေကို တိုက်ရင်း တိုက်ပွဲမှာ ကျဆုံးခဲ့တဲ့ သူရဲကောင်းကွ။ ငါကိုယ်တိုင်ကလည်း မြေရှင်ဆိုးတွေ၊ စနစ်ဆိုးတွေကို တော်လှန်တိုက် ခိုက်ခဲ့တဲ့ ဂဠုန်တပ်ဖွဲ့ဝင် တပ်သားဟောင်းတယောက်၊ မျက်နှာဖြူတွေ အရာရှိဆိုးတွေ သူကြီးဆိုးတွေကို လယ်သမား ထု (ပြည်သူ)ဘက်ကနေ တော်လှန်တိုက်ခဲ့တာကွ။ အခု ငါ့မြေးကလည်း ကိုယ့်ဗမာပြည် ကိုယ့်တိုင်းပြည်ထဲကို ဝင်ရောက် ကျူးကျော်လာပြီး ရှိသမျှ ပစ္စည်းအကုန်လု၊ အကုန်ယူ။ ဘာသာမှန်းမသိ၊ သာသနာမှန်းမသိ။ ထင်သလို စော်ကားနေတာ။ မိန်းကလေးတွေဆိုလည်း မတရားစော်ကား၊ ယောကျ်ားတွေဆိုလည်း ဘုန်းကြီးမရှောင် လူကြီးမရှောင် ရိုက်နှက် ညှင်းဆဲ သတ်ဖြတ်နေတာ နည်းရောလား။ ဒါတွေ အားလုံး ဒို့က ငုံ့ခံနေကြရတော့မှာလား – ဟင်း။ အချိန်တန်တော့ သင်းတို့သိပါလိမ့်မယ်။ နေသေးသပ ချုံထဲက။ ချိုသွေးသပ တမြမြ ပေါ့ကွာ။ တနေ့ ဗမာ့သတ္တိကို ပြရသေးတာပေါ့” အဖိုး စကား အပြတ်လိုက်မှာ အရီးက – ထတဲ့ပြီး – –

“အမယ်လေး အဘရဲ့၊ အခုတော့ ငယ်ငယ်ရွယ်ရွယ်လေးနဲ့ အသေဆိုးနဲ့ သေရတာ၊ ကောင်းသေးရဲ့လား အဘရဲ့ ဟီးဟီး”

“ဟေ့ – အပု တော်။ တိတ်။ ဘယ်သူ ဖြစ်ဖြစ် လူဆိုတာ သေမျိုးချည်းပဲ။ ကြီးကြီးငယ်ငယ် တနေ့သေရမှာချည့်ပဲ။ နင်လည်း သေရမှာပဲ။ ငါလည်း သေရမှာပဲ။ ကဲ – မသေတဲ့လူရှိရင် ငါ့ကိုပြစမ်း။ အခု ငါ့မြေးသေတာက ဂုဏ်ရှိရုံမက မြတ်တောင် မြတ်သေးတယ်။ သူများတကာ သေတာက သေပြီဆိုရင် ကိုယ်တယောက်တည်း။ အခုဟာက သူနဲ့အတူ မိစ္ဆာပေ နှစ်ကောင်ကိုတောင် ခေါ်သွားသေး တယ်။ ကျန်ငပု သုံးကောင်တောင် မသေမရှင် ကျန်ခဲ့သေးတယ်။ အဲဒါ ငါ့ မြေးကွ။ ဗမာ့သတ္တိကို ပြခဲ့တဲ့ ငါ့မြေးလေး”

အဖိုးဟာ ပြောရင်းက အသံတွေတုန်လာပါတယ်။ တောက် တချက်ခေါက်လိုက်ပြီး အဖိုးဟာ သူ့စိတ်ကို ထိန်းရင်း ဆေးလိပ် ကို မီးညှိသောက်လိုက်တော့ လက်တွေတုန်ရီနေပါတယ်။

“အချိန်မကျသေးလို့ဟေ့။ အခုလိုနေတာ။ ကြောက်လွန်းလို့တော့ မထင်လိုက်ပါနဲ့။ ဟင်း – ခေါင်းဆောင်က ‘ဟေ့’လို့

အချက်ပေးလိုက်ရင် အကုန်လုံး နီးရာလက်နက် ကိုဆွဲပြီး တိုက်မယ့်လူတွေပါ။ ငါတို့လူထုကြီးဟာ အတွေ့အကြုံ များလှပါပြီ။ အထင်မ သေး လိုက်ပါနဲ့”။

×××× ×××× ××××

ဒီနေ့ဟာ ကိုအောင်ကြည်ဆုံးပြီး တပတ်ရှိသွားပြီမို့ ရက်လည်းဆွမ်းသွတ်တဲ့နေ့ပါ။ ညနေ ထမင်းစားပြီး မီးဖိုနားမှာ ဝိုင်းထိုင် စကားပြော ကြပါတယ်။ အရီးမပုလေးက ထုံးစံအတိုင်း သူ့သားကို တ,ပြီးငိုရင်းနဲ့ “ကျုပ်သားလေး ကောင်းရာ မွန်ရာ ရောက်ပါစေလို့ အမေ ဆုတောင်းပေးပါတယ် လူလေးရယ် ...” တဲ့။

ကျမတို့အားလုံးလည်း ဝိုင်းပြီးငိုနေကြပါတယ်။ အဖိုး(ဦးအောင်မြ)က “ ကဲ ... ကဲ မငိုကြနဲ့တော့။ ငါ့သမီးတို့၊ ငါ့မြေးတို့။ ငါ့မြေးအောင်ကြည်ဟာ မုချ ကောင်းရာမွန်ရာကို ရောက်မှာ သေချာပါတယ်ကွ။ ဘာကြောင့်လည်းဆိုတော့ ဘာသာမှန်းမသိ၊ သာသ နာမှန်းမသိ ခိုးဆိုးလုယက် ဆိုးသွမ်းတိုက်ခိုက်နေတဲ့ လူယုတ်မာ မိစ္ဆာဒိဋ္ဌိတွေကို တော်လှန်တိုက်ခိုက် ဗမာ့သတ္တိကို ပြခဲ့တာမို့ကွ။ ငါ့မြေးလေးက ကောင်းတဲ့အလုပ်ကို လုပ်သွားတာပါကွာ”

“အော် ... အောင်ကြည်၊ အောင်ကြည် – ဒီလိုမဖြစ်ခင် (၃ – ၄) ရက်က ငါ့ကိုလာပြောသေးတယ်။ အဖိုး မနေ့က ရွာမှာ ဖြစ်တဲ့ ကိစ္စ။ အဖိုးသိပြီးပြီလား။ ကျောင်းဝိုင်းထဲ ရေလာခပ်တဲ့ ကောင်မလေးတွေကို ဂျပန်ငပုတွေက လက်ဆွဲတာ။ ကောင်မလေးတွေက ငိုယို အော်ဟစ်ပြီး ကျောင်းဘက်ကို ထွက်ပြေးတော့ ဘုန်းကြီးကော၊ ဦးကြီးတုတ်နဲ့ ဦးကြီးလှ(ရွာက လယ်သမားသမဂ္ဂ ခေါင်းဆောင်)တို့က ဝင်ပြီး တားကြတယ်တဲ့။ အဲဒါ ဦးကြီးတုတ်နဲ့ ဦးကြီးလှကို ရိုက်နှက်ဖမ်းခေါ်သွားတယ်တဲ့။ နောက်နေ့မနက်ကျမှ ပြန်လွှတ်လိုက် တယ်တဲ့။ ဒါတင်မကသေးဘူး။ ဘုန်းကြီးကိုလည်း ပါးရိုက်သေးတယ်တဲ့။ ဟိုတခါ ဝဲကြီးရွာ (ဆင်သေ နဲ့(၆) မိုင်ကျော်လောက် ဝေး တယ်) မှာလည်း ဒီလိုပဲ စော်ကားတယ်။ အခုလည်း ကျုပ်တို့ရွာမှာ လုပ်လာပြန်ပြီ။ ကျုပ်ကတော့ လက်ယား လှပြီ အဖိုးရ ... ”တဲ့။

“မလုပ်နဲ့ဦး ငါ့မြေး။ မလုပ်နဲ့ဦး။ အချိန်မကျသေးဘူးကွ။ အချိန်မကျသေးဘူး။ အချိန်တန်တော့ ငါ့မြေးတင် မကဘူး။ အဖိုးပါ ဝင်ချမှာပေါ့ ... ကွာ။ ငါ့မြေးကလည်း အဖိုးပြောတာ နားထောင်စမ်းပါ”

“အို ... အဖိုးကလည်း တခါလာ အချိန်မကသေးဘူး။ တခါလာ အချိန်မကျ သေးဘူးနဲ့ အဖိုးရဲ့ အချိန်က ဘယ်တော့ ကျမှာလဲ။ ဒီလိုနဲ့ အဖိုးရဲ့ အချိန်လည်းကျလာရော လူတယောက်မှ ကျန်တော့မှာ မဟုတ်ဘူး။ လူတင်မကဘူး။ တိုင်းပြည်လည်း အခွံချည်းပဲ ကျန်တော့မယ် ”တဲ့။

“ငါ့ဗျာ မနည်းကြီးကို တောင်းပန်ပြီး ပြောနေရတယ်။ အခုတော့ ... အခုတော့ ... ” အဖိုးရဲ့ အသံဟာ ဘာမှထွက်မလာဘဲ တိမ်ဝင်လို့ သွားပါတော့တယ်။ နောက်ထပ် ဘာတခွန်းမှ ပေါ်မလာတော့ ပါဘူး။

ဒီတင် အရီးက “လူလေးက ဟိုလထဲတုန်းက ဘာသင်တန်း ... အဲဒီသင်တန်းဆိုတာ တက်လာပြီးကတည်းကကြွကြွ ကြွကြွနဲ့ အရင်လို၊ အရင်လို မဟုတ်တော့ဘူးတော့်”

“အဲဒါ ဘာဖြစ်သလဲ။ အဲဒါဘာဖြစ်သလဲ” အဖိုးရဲ့အသံဟာ အော်ဟစ်ပြီး ဒေါသနဲ့ ထွက်လာပြန်ပါတော့တယ်။

“ဘာဖြစ်ရမှာလဲတော့်။ အဲဒါတွေကြောင့် အခုလို အသေဆိုးနဲ့ သေရတာပေါ့။ အဘတို့ သားအဖကြောင့် တက်ရတာ။ ကျုပ်လိုဆိုရင် မတက်ရဘူးသိလား”

“ဟော့ – အပု တော်၊ တော်။ တယ်လေ ငါမပြောလိုက်ချင်ဘူး။ တပြည်လုံးမှာ လူတွေကို ဖမ်းချင်သလိုဖမ်း။ သတ်ချင်သလို သတ်။ မိန်းကလေးတွေ ဆိုလည်း မမြင်လိုက်နဲ့။ မြင်လိုက်ရင် အတင်းလိုက်ဖမ်း။ မတရားစော်ကား။ ပစ္စည်းဥစ္စာဆိုလည်း ဘာတခုမှ အကောင်းမကျန်ဘူး။ လုယက်တိုက်ခိုက်နေတာ။ တပြည်လုံးရစရာ မရှိဘူး။ အဲဒါတွေ နင်မကြားဘူးလား။ နင် နားကန်းနေသလား။ တတိုင်းပြည်လုံးရဲ့ အရေး။ တနိုင်ငံလုံးရဲ့ အရေးဟာ ကိုယ့်အရေးပဲ။ နင်ကိုယ်တိုင် ဖြစ်မှမဟုတ်ဘူး။ အအ,မရဲ့သိလား။ အဲဒီလို ဘဝက လွတ်မြောက်နိုင်ဖို့ တတိုင်းတပြည်လုံးကောင်းစားဖို့၊ ဒီလိုလူယုတ်မာ မိစ္ဆာ ဖက်ဆစ်ကောင်တွေကို ပြန်တော်လှန်တိုက်ခိုက်နိုင်ဖို့ ဒီစစ် သင်တန်းကိုပေးတာ။ ဒီစစ်သင်တန်းကို ပေးတာလည်း သာမည မဟုတ်ဘူး။ ကွန်မြူနစ်ပါတီက တာဝန်ပေးလို့ ဘီအိုင်အေ(ဗမာ့မျိုးချစ် တပ်မတော်)ကြီးထဲက ဗိုလ်ကြီးကိုယ်တိုင် ဦးစီးပြီး လာသင်ပေးတာ။ ဒီတနေရာတည်း မဟုတ်ဘူး။ တပြည်လုံးဟော့၊ တပြည်လုံး။ တယ်လေ ... ငါပြောရတော့ မကောင်းဘူး။ နင်တို့လို အအ,တွေ၊ ကိုယ်ကျိုးကြီးသမားတွေကြောင့် တိုင်းပြည်ဒီလို ဖြစ်နေရတာ။ ငါလေ ... တောက် – ထွီ ... ပြောရရင် မကောင်းတော့ဘူး” အဖိုးဟာ ပြောရင်းဆိုရင်းက စိတ်ကိုထိန်းပြီး အနီးမှာ ရှိတဲ့ ဓားရှည်ကြီးကို ဆွဲပြီး – တဲ အပြင်ဘက်မှာ ထွက်ကာ တရှဲရှဲနဲ့ ဓားသွေးနေပါတော့တယ်။ အရီးလည်း ဘာမှ

ပြန်မပြောတော့ဘဲ၊ တိတ်တိတ်ကလေး ငိုနေပါ တော့တယ်။ ကျမတို့လည်း ကြောက်ကြောက်နဲ့ ကုပ်ကုပ်ကလေး တဲကို ပြန်လာခဲ့ကြတယ်။

အချိန်ကတော့ တဖြည်းဖြည်းနဲ့ ပူလောင် မာန်ဟုန်ပြင်းလှတဲ့ နွေတပေါင်းကို ရောက်ရှိလို့လာပါပြီ။ ကျမနဲ့ မသိန်းရီတို့လည်း ဒီနွေကိုပဲ မျှော်လင့်နေခဲ့တာလေ။

ဟော – အခုတော့ လတပေါင်းမို့ ရွက်ဟောင်းတွေလည်း ကြွေခဲ့ပါပြီ။ ဥသြငှက်ကလေးကလည်း သာယာချိုအေး လွမ်းမောဖွယ်ကောင်းလှတဲ့ တေးသံသာကို သီဆိုရင်းနဲ့ သာယာလှပတဲ့ လောကဓာတ်တခွင်လုံးကို ငံ့လင့်ကြိုဆိုလို့ နေပါပြီ။ သင်းထုံကြိုင်လှောက်တဲ့ ပန်းရနံ့လေးတွေနဲ့အတူ ရောက်ရှိလာတဲ့ သတင်း ကတော့ "အထက်ဗမာပြည်ဘက်မှာ ဗိုလ်မှူးဗထူးတပ်က ဖက်ဆစ်ဂျပန်တွေကို တော်လှန် တိုက်ခိုက်လိုက်ပြီ"တဲ့။

နောက်မကြာမီ ရက်ပိုင်းအတွင်းမှာပဲ တပြည်လုံးမှာ ဂျပန်တွေကို ပြန်တိုက်နေပြီ တဲ့။ မီးပွားလေးက တောက်လောင်လာတဲ့ ဒီတောမီးကြီးဟာ တပြည်လုံးကို တောက်လောင်လို့ လာပါပြီ။ အလျှံတညီးညီးနဲ့ ဒီတောမီးကို ဘယ်လိုလူမျိုးကမှ ငြိမ်းသတ်နိုင်စွမ်း မရှိ တော့ပါ။ တောရော မြို့ပါ။ တောတောင် ရေမြေအားလုံး မကျန် တပြည်လုံးမှာ ခွပ်ဒေါင်းတွေရဲ့ တွန်ကျူးသံဟာ ညံလို့နေပါပြီကော။ သာယာ ရင့်ကျူးလိုက်တဲ့ ခွပ်ဒေါင်းတို့ရဲ့ အသံဟာ နောက်ဆုံးအောင်ပွဲ ပန်းတိုင် ကို လှမ်းကိုင် နိုင်မှာတော့ မုချမလွဲပါပဲ။

အဲဒီသတင်းကို စကြားလိုက်ရတဲ့နေ့က ကျမတို့ဆိုရင် တနေ့လုံး လူစုမိတဲ့ အခါတိုင်း ပြောရတာ မမောနိုင်မပန်းနိုင်အောင် ပါပဲ။ အဲဒီနေ့က အဖိုးဆိုရင် ငှက်ကြီးတောင် ဓားကြီးတပြင်ပြင်နဲ့ "ငါ့မြေးအတွက်ရော တိုင်းပြည်အတွက်ပါ လက်စားချေရတော့မယ်ကွ"နဲ့ တကြိမ်းတည်း ကြိမ်းနေပါတော့တယ်။

ညကျတော့ ... အဖိုးတို့တဲမှာ လူတွေစုစု စုစုနဲ့။ ဘာတွေ ပြောကြတယ်တော့ မသိဘူး။ နောက်နေ့ကျတော့ အဖိုးနဲ့အတူ ယောကျာ်းတွေ အားလုံးကို မတွေ့ရတော့ဘူး။ နောက် နှစ်ရက်လောက် နေတော့ အားလုံးပြန်ရောက်လာတယ်။ ဒီလိုနဲ့ အဖိုးက ဒီနယ် မှာ ပြောက်ကျားတပ်ဖွဲ့ရဲ့ခေါင်းဆောင်တဲ့။ ဦးကြီးခက်က ဒုတိယ ခေါင်းဆောင်တဲ့။ အားလုံးက သဘောတူ တင်ထားတာတဲ့။ မကြာမ ကြာ အဖိုးတို့ တပ်ဖွဲ့ကြီးက ဘီအိုင်အေ တပ်မကြီးနဲ့အတူ ဂျပန်ကို တိုက်ဖို့ ခရီးထွက်သွားတဲ့ အခါများ ကြည့်လို့ကို မငြီးနိုင်အောင်ပါပဲ။ (ကိုအောင်ကြည်ရဲ့အဖိုး၊ အဖေနဲ့ ဦးကြီးတို့ သူငယ်ချင်းတို့တတွေ။ အို ... မနည်းပါဘူး။ အကုန်လုံး ပါသွားကြလေရဲ့။ ကိုအောင်ကြည် များရှိရင် ဘယ်လောက်ပျော်လိုက်မလဲလို့) တပ်ထွက်သွားပြီး မကြာခင် ရက်အတွင်း သေနတ်သံတွေ ကြားရရင် ပျော်စရာ သိပ်ကောင်းတာပဲ။ ကျမတို့ အမျိုးသမီးအဖွဲ့တွေက ထမင်းထုပ်တွေ(ရိက္ခာတွေ)၊ ကျည်ဆံတွေ တောထဲကို လိုက်ပို့ပေးရတယ်။ တိုက်ပွဲ မှာ တပ်ပျက် ပြီး ကစဉ့်ကလျား ထွက်ပြေးလာတဲ့ ဂျပန်တွေ ဒီနယ်ထဲ ရောက်လာရင် တယောက်မှ မလွတ်စေရဘူး။ အကုန်လုံးစား ပစ်တယ် (သတ် ပစ်တာပဲ)။

တပြည်လုံးမှာရှိတဲ့ တိုင်းရင်းသား လူမျိုးပေါင်းစုံ ပြည်သူ လူထုကြီးတရပ်လုံးက စည်းလုံးညီညွတ်စွာနဲ့ ဖက်ဆစ်ဂျပန်ကို တော်လှန်တိုက်ခိုက်ခဲ့ကြတာ ကမ္ဘာသိပါပဲ။

×××× ×××× ××××

အခု ဖက်ဆစ်ဂျပန်တော်လှန်ရေး အောင်ပွဲ အနှစ် (၆၀)တင်းတင်း ရှိလာခဲ့ပါပြီ။

အမိမြန်မာပြည်ဖွား တိုင်းရင်းသားလူမျိုးပေါင်းစုံ ပြည်သူတရပ်လုံး ဖက်ဆစ်စစ်ဖိနပ် သံခွာအောက် ကျရောက်နေဆဲပါ။ လူမျိုးပေါင်းစုံ ပြည်သူတရပ်လုံး စည်းလုံးညီညွတ်စွာနဲ့ အေးချမ်းသာယာလှပတဲ့ တိုင်းပြည်ကို ပြန်လည် တည်ထောင်ကြရ ပါလိမ့်ဦးမယ်။

တိုက်ပွဲကား မပြီးဆုံးသေး။ ဒုတိယအကြိမ် ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲကြရပါလိမ့်ဦးမယ်။

ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွင်း ပြည်သူအတွက် အသက်ပေးလှူသွားကြတဲ့ လယ်သမားလေး ကိုအောင်ကြည်နဲ့တကွ အလွှာအသီးသီး လူမျိုးအသီးသီးက ပြည်သူများ သူရဲကောင်းများကို အနူးအညွတ် ဦးညွှတ် အလေးပြုလိုက်ပါတယ်။

ပန်းခရေပွင့် လေးတွေကတော့ နွမ်းကြေလို့ ကြွေလွင့်သွားခဲ့ပါပြီ ... ဒါပေမယ့် ...သင်းပျံ့နေဆဲ ...။ ။

ငြိမ်းငြိမ်း(၂၄–၂–၂၀၀၅)

# ကြုံခဲ့တဲ့ ဂျပန်ခေတ်

ရဲဘော်စိုးချစ်

(၁)

၄ – ၅ – ၆ နှစ်သားဘဝက ကြုံခဲ့သည်များကို ပြန်ရေးပြပါမည်။

ဖက်ဆစ်တော်လှန်ရေး ကာလတုန်းက ပါဝင်ဆင်နွှဲခဲ့ကြသော အသက် ၂၀ – ၂၅ ဝန်းကျင်လူငယ်များသည် ယခုအသက် ၈၀ကျော် ၉၀ တွင်း ရောက်ခဲ့ကြပြီ။ ရှေ့တန်းကတာဝန်ယူခေါင်းဆောင်ခဲ့ကြသော ၁၃ဝဝပြည့် မျိုးဆက်ခေါင်းဆောင် အများစု ကျဆုံးကွယ် လွန်ကုန်ပါပြီ။ တချို့တလေပဲ ကျန်ပါတော့သည်။ ကျွန်တော်တို့ပါတီအတွင်း ထိုမျိုးဆက် ခေါင်းဆောင်တချို့ သက်ရှိထင်ရှားကျန်နေသေး၍ စိတ်သက်သာရာ ရမိသည်။

မျိုးဆက်ဟောင်းများ ရေးခဲ့သားခဲ့၊ ပြောခဲ့ဟောခဲ့သမျှ ပါးစပ်ဟာပြီး နားထောင်ခဲ့၊ ဖတ်ခဲ့ဖူးသည်။ ရွာထဲရပ်ထဲ လူကြီးသူမများ ပြောခဲ့သည်များ နားထဲတွင် စွဲကျန်ခဲ့သည်။ သို့သော် ထိုအချိန်က ကလေးသူငယ်များ ဆန်ကောထဲက ဆီးဖြူသီးများပမာ ထိုခေတ်ထဲတွင် ပါဝင်ခံစားခဲ့ရသည်များတော့ ကောင်းကောင်း မလေ့လာခဲ့ဘူးပါ။ သမိုင်းတွင် 'ဟာကွက်များ'ဖြစ်နေမလား စဉ်းစားမိသည်။ ဤအကြောင်း ကြောင့် ဤမှတ်တမ်းကို ရေးပါသည်။

(၂)

လွန်ခဲ့သော နှစ် ၆ဝ မှ အကြောင်းအရာများကို ပြန်စဉ်းစားရသည်မှာ မှုန်ရေးရေးမျှသာပါ။ သို့သော် စစ်အတွင်းတွင် ခင်ပွန်းဆုံးပါးပြီး ဘာမှ မလုပ်တတ်မကိုင်တတ် ကျန်ရစ်ခဲ့သူ အဒေါ်(ဒွေးလေး) ကျေးဇူးကြောင့် ရေးနိုင်လောက်အောင် စွဲကျန်နေတာ တချို့ရှိပါ သည်။

အဒေါ်က သူ့အစ်ကိုရဲ့ သားနဲ့သမီး(ကျွန်တော်တို့ မောင်နှမ)ရယ်၊ သူ့သားသမီး ၃ ယောက်ရယ်ကို ရင်အုပ်မကွာ စောင့် ရှောက်မွေးမြူရင်း အိမ်မှာ နေရသည်ကများသည်။ အဖေက ဂျပန်ခေတ်တွင် ညီအစ်ကိုဝမ်းကွဲတဦး၊ နှစ်ဦးနှင့် အညာကုန်တင်ကာ လှေတစင်းဖြင့် အောက်ပြည်အောက်ရွာကို စုန်ဆင်းရောင်းဝယ်ပါသည်။ အပြန်မှာ အောက်ပြည်က ကုန်များ တင်ပြန်လာတတ်သည်။ အဖေရေးထွက်ချိန် ကျန်ဆွေမျိုးများက အိမ်ကို စောင့်ရှောက်ထားရပါသည်။ (တခါတွင် မဟာမိတ်တပ်မှ ကျွဲညီနောင်လေယာဉ်ပျံ ၂ စင်းက သူတို့လှေကို ပစ်ခတ်နှစ်မြှုပ်တာခံရလို့ လူချည်းပြန်လာခဲ့ရဖူးသည်။)

အိမ်မှာကျန်ရစ်တဲ့ ဒွေးလေးက ကလေး ၅ ယောက်ကို စစ်အတွင်း ပုံပြင်များ ပြောပြလေ့ရှိသည်။ မြင်းခြံမြို့ပေါ်မှာနေစဉ် ဂျပန်တွေနဲ့ မိသားစုဆက်ဆံရေး၊ မန္တလေးနန်းတော်ကြီး ဗုံးကြဲခံရပုံများ၊ တပိုင်းတစ တိုက်ပွဲများ … စသည်။

ဒွေးလေးက ပုံပြောကောင်းသည်။ စွဲဝင်နေအောင်ပြောတတ်သည်။ ကျွန်တော်တို့ ကျောင်းသားတွေ ဖြစ်လာချိန်မှ ကြီးလာသည်အထိ (ကြုံတိုင်း) ထပ်ခါတလဲလဲ ပြောပြတတ်တာမို့ မှတ်မိနေခြင်းများပါ။

(၃)

ညီအစ်ကို မောင်နှမ ၅ ယောက်တွင် ကျွန်တော်က အရပ်အပုဆုံး၊ အသားအမည်းဆုံးပါ။ ဒွေးလေးခင်ပွန်းက ပုပ္ပားသား၊ အသားဖြူဖြူ။ ဒွေးလေးက အသားလတ်လတ်မို့ သူ့သားသမီး ၃ ယောက် အသားဖြူကြသည်။ ကျွန်တော့်အစ်မက ကျွန်တော်နှင့်စာ

လျှင် အသားလတ်သည်။

စစ်အတွင်းတွင် ကျွန်တော့်မှာ ကိုယ်ပိုင်နာမည် ၄ – ၅ ခုရှိသည်။ ရွာသားတွေက တခြားနာမည်တူတယောက်နဲ့ ကွဲအောင် နာမည်ရှေ့က ကွဲဖိုလ်ဟု ခေါ်ချင်တဲ့အခါ ခေါ်။ ပုလီဟု ခေါ်ချင်တဲ့အခါ ခေါ်တတ်သည်။ နောက်ပိုင်း (မဟာမိတ်တွေ ရောက်လာပြီး) ကပ္ပလီဟု ခေါ်ကြပြန်သည်။ ကျန်သူငယ်ချင်းများကိုလည်း ဂေါ်ရာ၊ ပထန် ... စသည့်နာမည်တွေ ပေးထားတာတွေ့ရသည်။

အစ်ကို – အစ်မတွေက 'ဂျပန်ကြောက်'ဟု စ, သည်။ ဒွေးလေးကတော့ 'ကုလား'ဟုခေါ်တတ်သလို၊ နာမည်ရင်းထဲက 'ငြိမ်း'တလုံးဖြုတ်ယူပြီး 'ငငြိမ်း'ဟု ချစ်စနိုးခေါ်တတ်သည်။

နာမည် အများစုက အသားမည်းလို့ခေါ်ကြတာဖြစ်ပြီး 'ဂျပန်ကြောက်'ခေါ်တာမှာတော့ သမိုင်းရှိသည်။

ဦးလေးရဲ့မြို့ပေါ်နာရီဆိုင်မှာ ဂျပန်တွေ အဝင်အထွက်များပါသည်။ မြို့နှင့် ကျွန်တော်တို့ရွာက ၃ မိုင်ပဲဝေးသည်။ ဒွေးလေးက လွမ်းတဲ့အခါ ကျွန်တော်တို့မောင်နှမကို လှူကြုံနှင့်လှမ်းခေါ်သည်။ အဖေက လှည်းကြုံနှင့်ထည့်ပေးတတ်သည်။ သားသမီးတွေနဲ့ခွဲလာရတဲ့ ဂျပန်တွေက ကလေးချစ်တတ်သည်။ 'ခေါ်တော်မော့ – ခေါ်တော်မော့'လို့ခေါ်ပြီး မုံ့ပဲ – သွားရည်စာ လက်ဆောင်ပစ္စည်းပေးတတ်သည်။ ရွာက ဦးလေးသားချင်းများက ဂျပန်ကို မုန်းကြသည်။ ဂျပန်ဟာ ကြောက်စရာကောင်းကြောင်း ကျွန်တော့်ကို ခြောက်လှတ်တတ်သည်။

ဒါကြောင့် မြို့ကအိမ်ထဲ၊ ဆိုင်ထဲ ဂျပန်တွေဝင်လာပြီဆိုတာနဲ့ ကျွန်တော့်ကို ရှာမတွေ့တော့။ ရှောင်နေပုန်းနေတတ်သည်။ လက်ဆောင်ပစ္စည်းလည်း ဘယ်တော့မှမရ။ တခါမှာတော့ ရှောင်ချိန်မရတော့လို့ ခုတင်အောက်ဝင်ပုန်းနေသည်။ လှစ်ခနဲဝင်သွားတာ မြင်လိုက်ရတဲ့ ဂျပန်ကြီးတယောက်က ခုတင်ဘေးထိုင်ကာ ချိုချဉ်(သကြားလုံးကို စစ်အတွင်းခေါ်တဲ့နာမည်) ပြပြီး ခေါ်သည်။ ကျွန်တော်က မထွက်။ နောက်ဆုံးသူလက်လျှော့ သွားသည်။ ဒီမှာတင် အစ်ကိုအစ်မတွေကပေးတဲ့နာမည် 'ဂျပန်ကြောက်'ဖြစ်လာသည်။ နောက်ပိုင်းတွင် "အသားကလည်း မည်းသေးတယ်။ ဂျပန်လည်း ကြောက်တယ်။ ကေ္တ ကပ္ပလီစစ်သားသေလို့ ဝင်စားတာဖြစ်မယ်" လို့ စ,ကြပြန် သည်။

ဂျပန်တွေအကြောင်း ပြန်ဆက်ပါမည်။ ဂျပန်စစ်သားများထဲမှ ထမင်းချက်စစ်သားတယောက် လာလေ့ရှိသည်။ ဒွေးလေးနှင့် အင်မတန်ခင်သည်။ ခင်မှာပေါ့။ စီးပွားဘက်တွေကိုး။ ဒွေးလေးက 'ငခေါင်း'ဟု နာမည်ပေးထားသည်။ ကျွန်တော်တို့ရွာတွင် အလုပ်မလုပ် တေပေပြီး လစ်ရင်လစ်သလို ခိုးတတ်သူရဲ့ နာမည်ကို ပေးထားခြင်းဖြစ်သည်။

ဂျပန်ငခေါင်းက ညဦးပိုင်းမှ အထုပ်ကြီးတထုပ်ကို ထမ်းပြီး အိမ်ကိုလာတတ်သည်။ ဂျပန်တပ်ထဲက ခိုးရသမျှပစ္စည်းတွေ၊ အထူးသဖြင့် ဆပ်ပြာ၊ အဝတ်အထည်တွေကို လျှော့ဈေးနဲ့လာရောင်းတာပါ။ ဒွေးလေးက ရွာကိုပို့ပေးသည်။ အဝတ်အစား ချို့တဲ့တဲ့ အမျိုးတွေကို ခွဲဝေပေးတတ်သည်။ ပြင် ဖျက် ချုပ်ဝတ်ကြရသည်။

တပြည်လုံးနည်းတူ ကျွန်တော်တို့ရွာမှာလည်း ဝဲပေါက်ကြသည်။ ကိုရင်တိုင်း၏ ဦးပြည်းခေါင်းတုံးတွင် ဒက်ရှိသည်။ ဆပ်ပြာက မရှိ။ ခေါင်းသန်းအပြင် ကိုယ်သန်းလည်း ရှိကြသည်။ နေပူစာတွင် ချုပ်ရိုးများတွင် သီနေတတ်သည့် သန်းဥများ၊ တရွရွသွားလာနေတတ်သည့် ကိုယ်သန်းဖြူဖြူများကို ထိုင်တုပ်နေကြသည့် ရွာသူများကို မြင်ယောင်မိသည်။ ရေချိုးအဝတ်လျှော်လိုလျှင် သဲဆပ်ပြာပဲ ရှိသည်။ ကျွန်တော်တို့ကတော့ စောစောပိုင်းမှာ ငခေါင်း ကျေးဇူးကြောင့် ဆပ်ပြာသုံးနိုင်သေးသည်ဟု ဆိုသည်။

ဂျပန်တော်လှန်ရေးကာလ မန္တလေးမှာ ဖုံးကြပြီဆိုတော့ မြို့ပေါ်မှာ ဒွေးလေးတို့မနေရဲ။ ရွာကိုပြောင်းလာသည်။ မကြာလိုက်ပါ မြင်းခြံမြို့ပေါ်မှာလည်း နေ့ညဖုံးကြပါသည်။ လေယာဉ်ပျံသံကြားလျှင် ဦးလေးလုပ်သူက သူ့သားလတ်ကို နိုးပြီးလွှတ်။ အိပ်မောကျနေတဲ့ ကျွန်တော်တို့ မောင်နှမကို ပုန်းကျင်းထဲ ထမ်းချသည်။ သမီးကို နောက်ဆုံးမှ ထမ်းချသည်။ ဒါကြောင့် ရွာသူရွာသားတွေက 'သူတော် ကောင်းကြီး'ဟု နာမည်ပေးထားကြကြောင်း ဒွေးလေး၏ ပုံပြင်များက ဆိုသည်။ အဖေက အိမ်မှာ အိပ်လေ့မရှိ။ အစ်ကိုကြီးက 'တော ကျောင်း'မှာ။

ပုံပြင်တခုက လေယာဉ်ပျံသံကြားလျှင် ပထမဆုံး ပုန်းကျင်းထဲရောက်နေသူမှာ အိမ်မွေးကြောင်ကလေးဖြစ်သည်။ လေယာဉ်ပျံသံကို တုန်နေအောင်ကြောက်သည်။ ဂျပန်ဝင်စားလို့လားမသိ – တဲ့။

စစ်က ဘယ်လောက်ကြာမည်မသိ။ ဒွေးလေးတို့ ရွာရောက်စမှပင် ကျွန်တော်တို့ ညီအစ်ကို ၃ ယောက်ကို ရှင်ပြုပေးသည်။ အငယ်ဆုံး ကျွန်တော့်ကို သင်္ကန်းစည်းပေးရုံပဲ စည်းပေးနိုင်သည်။ အလတ်ကောင်က 'သင်္ကန်းယားသည်'ဆိုပြီး တရက်ပဲ ဝတ်သည်။

အစ်ကိုကြီးတယောက်သာ ၂ ဝါရသည် ဟုဆိုသည်။ သို့သော် သူ့ပြဿနာက ကြီးသွားသည်။ (ဒီအချိန် ဦးလေး...မရှိတော့)

ချုံတချုံထဲမှာ တွေ့ရသော ဖုံးကြီးတလုံးကို တခြားကိုရင်တပါးနှင့်အတူ ဘုန်းကြီးများအလစ်တွင် ဆွမ်းစားကျောင်မီးဖိုထဲ ပစ်ထည့် စမ်းကြည့်ကြသည်။ ဘုန်းကြီးများက ဆွမ်းစားပြီး နေ့ခင်းကျိန်းစက်နေချိန် သူတို့ ၂ ပါးက ကန်ပေါင်ရိုးတွင် ကွယ်ဝပ်ပြီး ချောင်း ကြည့်ကြသည် ... ဆိုပဲ။

မကြာမီ 'ဝုန်း' ခနဲ ထကွဲတော့သည်။ ကျောင်းဝင်းကြီးတဝင်းလုံး တုန်သွားသည်။ မိုင်ဝက်ခန့်ဝေးသောရွာတွင်းတွင် ဤအသံကြောင့် ခြောက်ခြားကုန်ကြသည်။ ရွာသားတွေ ကျောင်းကို ပြေးလာကြသည်။

ဆွမ်းစားကျောင်း ပျက်စီးသွားသည်မှအပ အထိအခိုက်မရှိ။ အကျိုးပြုချက်တခုကတော့ ဖျားနာရာမှ ချည့်နဲ့သွားပြီး လမ်းမလျှောက်နိုင်၊ အိပ်ယာထဲ ခွေနေရသော ဦးဇင်းတပါး လန့်ပြီးထပြေးရာမှ လမ်းလျှောက်သွားနိုင်သည်။

တရားခံ သူတို့ကိုရင် ၂ပါး ကိုတော့ ကျောင်းထိုင် ဦးတေဇဝံက တိုင်အဖက်ခိုင်းထားပြီး ကြိမ်နှင့် ကျောကော့အောင် ဆော်ပလော်တီးပါတော့သည်။

... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...

ဆေးမရှိ ဝါးမရှိ ကာလမို့ အဖျားအနာ ထူပြောသည်။ အိမ်ခြေ ၁၀၀ မရှိတရှိရွာတွင် အသေအပျောက် အများဆုံးမှာ ဝက်သက်နှင့် ကျောက်ရောဂါ ဖြစ်သည်။ ကလေးတွေ မသေတဲ့အိမ် မရှိသလောက်ပဲ – လို့ ဒွေးလေးက ပြောသည်။ ကျွန်တော်တို့မောင်နှမ ၅ ယောက်စလုံး ကျောက်ပေါက်သည်။ ဗမာထုံးစံအတိုင်း ညော်လည်း ကြောက်တတ်ကြတာမို့ ပိတ်ခြင်ထောင်ကြီးတလုံးတွင် စုထည့် ထားပြီး ဘယ်မှမထွက်ကြရပါ။ ဆော့စရာ ကမြင်းစရာ ကမ္ဘာက ကျဉ်းသွားပြီ။ ဒီကမ္ဘာလေးထဲမှာတွင် ရန်ဖြစ်ကြ၊ ကုတ်ကြဖဲ့ကြနဲ့မို့ သွေးထွက်သူကထွက် လူတွေက သူရဲတစ္ဆေပုံ ထွက်နေကြတာကို အငယ်ဆုံးမက ကြောက်ပြီး အော်ငိုလို့ အကြီးတွေကို ရိုက်ရသေးကြောင်း ဒွေးလေးက နောက်ကြောင်းပြန်သည်။ သို့သော်ကံကောင်းသည်မှာ ကလေးတွေထဲတွင် ကျွန်တော်တို့ တအိမ်ပဲ အသေအပျောက်လွတ်သည်။ တရွာလုံးမှာ ဗိန္ဒောဆရာက ဆရာတင့်တယောက်တည်းရှိတာ ကျွန်တော်တို့ထဲက တယောက်ယောက်သာ သေဆုံးလျှင် ဆရာ တင့်နာမည် အဖတ်ဆည်လို့ ရဖွယ်မရှိ။

တရွာလုံးက အားကျကြသည်။ 'သေတွင်းထွက်ကလေးတွေ ...' ဟု ကောင်းချီးပေးသည်။ သို့သော် ကံဆိုးသည်မှာ အားအထားရဆုံး ဦးလေးဖြစ်သူမှာ ငှက်ဖျားရောဂါနှင့် ဆုံးပါးသွားသည်။ ဖျားနာနေစဉ် ဆရာတင့်ကုထုံးအရ အုန်းသီးဆန်၊ အုန်းရည် လိုနေရာ မိုင် ၅၀ ခန့်ဝေးသော ပုပ္ပားသို့ မယားဘက်က ယောက်ဖသားချင်းများ ၂ ယောက်တတွဲ အလှည့်ကျ အုန်းသီးထမ်းထွက်ကြရသည်။ သူသေမှ အထမ်းသမားများ သက်သာသွားသည်။

(၄)

ဂျပန်တွေ စတင်ဆုတ်ခွာ နေကြပြီ။ မဟာမိတ် လေယာဉ်တွေက မြို့ကိုဗုံးကြဲလို့ အားရတဲ့အခါ ပတ်ဝန်းကျင်ရွာတွေဘက် လှည့်လာသည်။ ဒါကြောင့် လူကြီးတွေက နံနက်စောစောထ ထမင်းဟင်းချက်ပြုတ် ခံတောင်းတွေ၊ ဇန်းတွေထဲထည့် ရွက်သူရွက်၊ ထမ်းသူထမ်းပြီး ကလေးတွေလက်ဆွဲကာ တောကျောင်းတွင် တနေကုန် နေရသည်။ တောကျောင်းသည် ရွာ ၄ ရွာ၏ အလယ်တွင် တည်ရှိသည်။ ရေကန်ကြီး ၂ ကန်ရှိ၍ စားပင်သောက်ပင်များဖြင့် အုပ်အုပ်ဆိုင်းဆိုင်း ရှိသည်။ ရွာ ၄ ရွာ၏ ခိုလှုံရန်နေရာ ဖြစ်သည်။ ရွာထဲတွင် အများအားဖြင့် ယောကျ်ားကြီးများသာ ချန်နေရစ်ခဲ့သည်။

ညနေစောင်းမှ မိန်းမနဲ့ကလေးများ အိမ်ပြန်ကြရသည်။ ချန်နေခဲ့သူများ ချက်ပြုတ်ထားသည့် ညစာကို စားကြရသည်။

တရက်တွင် နံနက်စာစားအပြီး ဒွေးလေးက ညီအစ်မတချို့နဲ့ အရဲစွန့်ပြီး ရွာဘက်ပြန်ပါသည်။ သူ့ခင်ပွန်းအမှတ်တရ တိုင်ကပ်နာရီကြီးကို စိတ်မချ၍ ရွက်ပြီး ပြန်လာခဲ့ပါသည်။ အဖေက ရွာထဲမှာ ကျန်နေရစ်ဆဲ ...

လေယာဉ်ပျံ ၂ စင်း တက်လာကာ ရွာကို ဗုံးကြဲပါတော့သည်။ မီးတောက်မီးလျှံများကို ကျောင်းပေါ်ကရော ကန်ပေါင်ရိုးပေါ်ကပါ လှမ်းမြင်နေကြရသည်။

ဒွေးလေးက လမ်းတဝက်ပဲ ရောက်သေးသည်။ ဘာမှန်မြောမနေအားတော့ပါ။ ခေါင်းပေါ်က နာရီကြီးကို ချုံတချုံထဲ ပစ်ထည့်လိုက်ပြီး သားသမီးများရှိရာ တောကျောင်းအရောက် ပြေးလာပါသည်။ ရွာထဲက ထွက်ပြေးလာတဲ့ ရွာသားတယောက်က "သိန်းမြရေ ... နင်တို့အိမ်ပေါ် ဗုံးကြီးတလုံး တည့်တည့်ကျတာ မြင်ခဲ့ရတယ် ... ဟုပြောပါသည်။

ဒီတွင် သူ့အစ်ကိုဖြစ်သူ 'ကိုအေး' ကိုယ်ထင်ပြသည်။ သေပါပြီဟု ပြောပြီး ငိုပါတော့သည်။ ကျွန်တော်တို့ မောင်နှမတတွေ

ကတော့ အရာရာတွက်ချက်နိုင်စွမ်းမရှိ၊ မျက်စိသူငယ်နဲ့ပဲ ဒွေးလေးငိုလျှင်ငို ဒွေးလေးရယ်လျှင်ရယ်ပဲ လုပ်တတ်ကြသည်။

ဒီစဉ် အဒေါ်တယောက် ရောက်လာပြန်သည်။ "သိန်းမြ ညည်းတို့နာရီကြီး ချုံထဲမှာ ၁၂ နာရီ ထိုးနေတာနဲ့ ငါရွက်လာခဲ့တယ်"ဟုပြောပါသည်။

သို့သော် အဖေကမသေ၊ လေယာဉ်ပျံတွေ ထွက်သွားပြီး မကြာမီ အဖေရောက်လာသည်။ ကျွန်တော်တို့ကို ခေါ်ပြီးရွာပြန်ကြသည်။ ရွာထဲဝင်မိတာနဲ့ အိမ်နေရာကို ပြေးကြည့်ကြသည်။ အိမ်ဘေး ပုန်းကျင်ပေါ် ဖုံးတလုံးတည့်တည့်ကျတာ တွေ့ရသည်။ အပျက်အစီးတွေကို ဖော်ထုတ်ရှာဖွေကြည့်ကြတော့ ကြောင်ကလေးက တောင့်တောင့်ကလေး ပြားချပ်နေသည်။ အငယ်ဆုံးမက ငိုသည်။ နာရီပစ္စည်းတွေက မွစာကြဲနေသည်။ မီးလောင်ဗုံးချလို့ တရွာလုံးနီးပါး ပြာကျသွားပါပြီ။

ရွာကအမြင့်ပိုင်းမှာ ရှိသည်။ ခု မီးလောင်သွားတော့ ရွာခြေအောက်ကျင်းမှာ ဆင်းနေကြရသည်။ ဆောက်ချုံတွေကိုခုတ်မြေညှိပြီး တဲနိမ့်နိမ့် ထိုးနေကြရတာ မှတ်မိသည်။ ကျွန်တော်ခေါင်းက ဒဏ်ရာအစင်းကြောင်းလေးသည် အဲဒီတဲကို မိုးထားတဲ့ သွပ်ပြားရှတာလို့ ဒွေးလေးက မှတ်တမ်းတင်သည်။

မြင်းခြံမြို့ပေါ်က ဂျပန်တွေ တောရွာအနှံ့ တပ်ဆုတ်လာကြသည်။ တချို့ကစဉ့်ကလျား အကွဲကွဲအပြဲပြဲ ပြေးကြသည်။ တချို့ ရွာတွေက ကွဲလာတဲ့ ဂျပန်စစ်သားတွေကို ဆီးသတ်ကြသည်။ မြင်းခြံမြို့ပေါ် မဟာမိတ်တပ် ရောက်လာတော့ ဂျပန်တချို့က ကျွန်တော်တို့ရွာ အနောက်ကျောင်း စေတီရင်ပြင်ပေါ် အမြောက်တင်ပြီး မြို့ဆီလှမ်းပစ်သည်။ နောက်တော့ ဆုတ်ပြေးကြသည်။ ဒဏ်ရာရနေတဲ့ ဂျပန်စစ်သားတယောက် သက်န်းဝတ်ပြီး ကျန်နေရစ်သည်။

ကျွန်တော်တို့မြို့သည် နိုင်ငံရေးနိုးကြားသော မြို့ဖြစ်သည်။ ဗိုလ်မှူးချစ်ကောင်းကဲ့သို့သော ဖက်ဆစ်တော်လှန်ရေးသမားများ မွေးထုတ်ရာအရပ်ဖြစ်သည်။ ကျွန်တော်အဖမ်းခံရ၍ ထောက်လှမ်းရေးက စစ်မေးရင်း "မင်းတို့မြို့က ဗိုလ်တထောင်မြို့ကွ။ ကွန်မြူနစ်ခေါင်းဆောင်တွေ ထွက်တယ်။ ဆိုရှယ်လစ်ခေါင်းဆောင်တွေလည်း ထွက်တယ်။ တို့တပ်ထဲမှာလည်း မြင်းခြံနယ်သား ဗိုလ်တွေ အများကြီးပဲ"လို့ ပြောဖူးသည်။

ဖက်ဆစ်တော်လှန်ရေး ပြင်းပြင်းထန်ထန်ဖြစ်နေချိန်(ဒွေးလေး ပြောပြချက်အရ) တရွာလုံးက ဂျပန်ကိုမုန်းသလို ရွာကို မီးလောင်ဗုံးကြဲချတဲ့ မဟာမိတ်တွေကိုလည်း ကော်ဆဲနေကြတာပဲ။ ပြဿနာတက်လာတာက ဘုန်းကြီးယောင်ဆောင်ပြီး ပုန်းနေတဲ့ ဂျပန်ကို ဘယ်လို လုပ်မလဲ။ ရွာတွင် သဘောထား ၂ မျိုးကွဲသွားသည်။ ဇမာတွေ ဖြစ်လေ့ဖြစ်ထရှိတဲ့အတိုင်း အရှေ့ကျောင်း အနောက်ကျောင်းဆိုတာကလည်း တည့်ကြသည်မဟုတ်။ သို့သော် ဝိနည်းလွတ် နေကြသည်။

ဂျပန်ကို မုန်းတီးရာတွင် တူကြသော်လည်း ဗုဒ္ဓဘာသာပီပီ စာနာသနားသူကသနားသည်။ ရွာသားအများစုက သတ်ချင်ကြသည်။ သက်ကြီးရွယ်အိုတွေက မဟာမိတ်တပ်ကို အပ်ချင်ကြသည်။ နောက်ဆုံးသတ်မည့်ဘက်က အားသာသွားသည်။ ပြဿနာမှာ ကိုယ်တိုင် မည်သူမျှ မသတ်လိုကြ။ ဒီလိုနဲ့ ငခေါင်းထံ လွှဲလိုက်ကြသည်။ သူကလည်း သူ့ခံစားချက်နဲ့သူပဲလေ။ တာဝန်ကို လိုလိုချင်ချင်လက်ခံသည်။

(၅)

မြင်းခြံမြို့ပေါ် မဟာမိတ်တပ်တွေ ရောက်လာပြီး အခြေချမိသွားသည်နှင့် အောက်ကျင်းဆင်းနေတဲ့ ရွာသားတွေကို သူကြီးဦးဖေမောင်က ရွာဟောင်းပေါ် ပြန်တင်သည်။

ကွက်လပ်ဖြစ်သွားတဲ့ နေရာမှာ မဟာမိတ်တပ်တွေက လေယာဉ်ကွင်းလေး လာဆောက်ပါသည်။ သူနာတင် လေယာဉ်လေးတွေ ဆင်းကြတက်ကြသည်။ မဟာမိတ်တပ်မှ မျက်နှာဖြူများ၊ ကုလားစစ်သားများအပြင် ကပ္ပလီဟု ခေါ်သော မဲပြောင်နေသော အာဖရိကန်များကို ရွာအောက်ကျင်းတွင် မပြတ်တွေ့နေရသည်။ တခါတွင် သူကြီးသားကိုဘိုဆန်ကို လေယာဉ်ပျံ တပတ်စီးခွင့်ပြုသည်။ ညနေစောင်းလျှင် လူနာတွေတင်လာတဲ့ လေယာဉ်လေးတွေ ဆင်းလာကြတာ ရွာပေါ်က မြင်နိုင်သည်။ မြင်ကွင်းကောင်းကောင်းကြည့်ချင် လျှင်တော့ အနောက်ကျောင်း ဘုရားရင်ပြင်ပေါ်က ကြည့်နိုင်သည်။ ဒွေးလေးကို ကြောက်ရ၍ တကူးတက သွားမကြည့်ဖူးပါ။ အဖေခေါ် လို့ လိုက်ကြည့်ဖူးတာပဲ ရှိသည်။

ယာယီ လေယာဉ်ကွင်းလေးမျှသာ ဖြစ်သည်။ ဝါဆိုဝါခေါင်ရောက်တာနှင့် ဤနေရာကို ရေဝတီမြစ်ရေ ရောက်လာပါတော့မည်။ ။

# အောင်လံထူမဲ့စိတ်

သမိုင်းအုတ်တချပ်ဆင့်ဖို့
အသက်နဲ့တောင် ရင်းခဲ့ရ
ခံပြင်းတက်ခေါက်
စိတ်တွေလဲ မီးတောက်
ဒူးထောက်သူ ရင်ကော့သူ
လူအမျိုးမျိုးနဲ့ကြုံ
သူပုန် တဖြစ်လဲ
အောင်ပွဲရဖို့ ရှေ့ချီတက်
လက်တွဲစို့ရဲဘော်
အနာဂတ်ကို မျှော်ကြမယ်။

ကိုယ်ကျိုးကို မြေမြှုပ်
ကိုယ့်အထုပ်ကိုယ်မပိုက်
တိုက်ပွဲသာအသက်
တိုက်ရဲတာလက်နက်
သွေးစက်စက်ကျပေစေ
အုတ်မြစ်ချလူ့ဗိမာန်
အကျည်းမတန်စေရ။

လူမှန်ရင်သတ္တိရှိရမယ်
အသိစိတ်မြင့်မား
တရားကိုချစ်တတ်ရမယ်။
အမှားနဲ့မနစ်
တရားမွန်ချစ်တတ်မှ
လောကသစ်အုတ်တချပ်
အနာဂတ်အတွက် စီနိုင်မယ်။

အောင်လံထူဖို့
လွယ်ကူတဲ့ အလုပ်မဟုတ်။

အချောင်ကံထလို့
အောင်လံမရနိုင်။

နောင်အမြဲလှစေဖို့
အောင်ပွဲအရချီတက်လော့။ ။

**တင်မိုး**
၂၈၊ ၀၁၊ ၂၀၀၅
သောကြာနေ့လယ်ခင်း

# တော်လှန်ရေး

ချောမွေ့ ရှည်လျား၊ ဝါးလုံး များကို
ခားဖြင့် စိပ်ဖြာ၊ ခွဲလိုက်ရာတွင်
ဝါးမှာ ပျက်စီး ခဲ့လေပြီ။

ကြမ်းတမ်း ရှည်လျား၊ ဝါးခြမ်း များကို
ခားဖြင့် ဖြတ်သတ်၊ ယက်ပါလတ်မူ
သပ်ရပ်လှစွာ၊ တောင်းဖြစ် လာလိမ့်
တောင်းမှာ ဝါးထက်၊ တန်ဘိုး တက်၍
ဝါးတွက် နမြော မရှိနှင့်။

မောင်စွမ်းရည်
၂၉–၁၁–၆၁

# မုတ်သုန်လေနှင့်
# တော်လှန်ရေး အစဉ်အလာ

**မောင်စွမ်းရည်**

မုတ်သုန်ဤလေ
နွေကိုနန်းတင်၊ ဆောင်းကိုနှင်၏။
ရွက်ဟောင်းကိုနှင်၊ ရွက်သစ်ဆင်၏။
အစဉ်အလာ ထူးမြတ်စွ။

ဆောင်းကိုဖိဆန်၊ မုတ်သုန်ထန်စဉ်
တရံခါက၊ မတ်–တလ၌
ထကြွပုန်ကန်၊ တို့တော်လှန်သော်
ဂျပန်ဖက်ဆစ် ပြေးရခဲ့။

ခါတိုင်းလိုပင်
ပင်လက်ပံလည်း၊ မီးလျှံမီးတုတ်
ကိုင်ကာဆုပ်၍၊ မုတ်သုန်ရှေ့က
အချက်ပြသည်၊ မတ်လခါတိုင်း ဝတ်မပျက်။

တောမီးကိုထမ်း၊ ရှမ်းတောင်တန်းလည်း
အောင်ဆန်း, ဗထူး၊ သတ္တိထူးကို
ချီးကျူးတင်စား၊ နေသည့်လားသို့
ရှေ့ဖျား ရဲရဲ နီလျက်။

ထလော့ ကြွလော့! လှုံ့ဆော်ပြောသို့
ညီညွှရဲဘော်၊ ခွန်းဆင့်ကြော်လျှင်
တော်လှန်ခဲ့ကြ၊ မတ်တလကို
မှန်းဆ အားအင် ဝင်မိ၏။

ညီညွှစစ်ချီ၊ သီလော့–သီလော့!

ရှိုးမမိုးနီ၊ နီလော့–နီလော့!
လက်ပံပွင့်နီ၊ နီလော့–နီလော့!
မှတ်သုန်လေနီ၊ ချီလော့–ချီလော့!

မတ်လ … မတ်လ …
သတိရ၍၊ သွေးကြွဆူလာ
စာဆိုငါသည်၊ ကဗျာတပုဒ်
ရေးသီထုတ်ခိုက်၊ မှတ်သုန်လေလျှင်
ငှါးဆံပင်ကို၊ ဖော့ငင်လှုပ်ဆွ
ကြက်သီးထပြီ …
ထ–ထ–သူပုန်–အောင်မိ၏။

မောင်စွမ်းရည်
၂၇–၃–၆၄

# ၁၉၄၅ ခုနှစ်၊ မေလ (၂၃) ရက်

ဖိုးသံ(လှူထု)

ကောင်းကင်ထက်မှ၊ တိမ်ဖြူလွလွ
ပင့်သက်မလျက်၊ မရွေ့မလျား
ကျောက်ချထား။

မင်းဝံရွှေတောင်၊ စေတီထောင်သောင်း
ခေါင်းလောင်းမမြည်၊ ကြေးစည်မတီး
အံ့သြတကြီး။

အင်းဝတံတား၊ သံမဏိသားဟာ
မားမားရပ်လျက်၊ မျက်မှောင်ကိုကြုတ်
လက်သီးဆုပ်။

ဧရာဝတီ၊ သည်နေ့တွင်ကား
ငါးမမြူး၊ ငှက်မပျံ
လှိုင်းတွေသာ မာန်ထနေ။

“ဤတိုင်းပြည်၊ ဤပြည်သူအတွက်
ဖက်ဆစ်စနစ်၊ ဖြိုပစ်ဖို့အတွက်
ကမ္ဘာစစ်ကြီး၊ ရပ်ပစ်ဖို့အတွက်
ငါ့အသက်ကို၊ ပေးဆက်ပါသည်
ဤတောင်ရိုး သက်သေထား
ဤတံတား တိုင်တည်ကာ
ဤမြစ်ကို သချိုင်းပြုမယ်
ဆယ်သက်ဆယ်ပြန်ပဲ သေပါစေတော့။”

“ငါသေပြီးနောက်

မကောက်နဲ့ ငှါအလောင်း
ငှါ့အကြောင်းကို သိချင်ရင်
ငှါ့ပြည်သူကိုသာမေး
ငှါ့သွေးရဲ့ အရောင်ကို သိချင်ရင်
အဲဒီဂျပန်တွေကိုသာ မေးပေတော့။
ဖက်ဆစ်နဲ့ ကွန်မြူနစ်
ဒီစစ်ကြီးမှာ
ဘယ်သူဟာ အောင်နိုင်သူလဲ
ငါမမီပေမယ့်၊ အဖြေကို သိနေတယ်
နှုတ်ဆက်ခဲ့ပါတယ် ရဲဘော်တို့။”

(ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ဂျပန်ဖက်ဆစ်တော်လှန်ရေး မြေအောက်လုပ်ငန်းကို အကြောင်းပြုပြီး ဖက်ဆစ်ဂျပန်တို့က ဖမ်းဆီးညှဉ်းဆဲ သတ်ဖြတ်ခြင်းခံခဲ့ရတဲ့ စစ်ကိုင်းမှ ရဲဘော်သိန်းတန်ကို ဒီကဗျာနဲ့ ဂုဏ်ပြုအပ်ပါတယ်။)

# နှမ်းလျှမ်ခင် ဂျာမဏီ

မောင်ချစ်ခင်

အို နွမ်းလျှမ်ခင် ဂျာမဏီ
ပြည်သူတွေကြားမှာ အမေထိုင်နေတော့
အမေ့တကိုယ်လုံး ညစ်ပေနေလိုက်တာ
သွားပုပ်လေလွင့် အပြောခံရသူတွေအကြားမှာ
အမေဟာ ခေါင်းမော့ထားတယ်။

အမေ့ရဲ့ အဆင်းရဲဆုံးသားဟာ
အရိုက်ခံရလို့ လဲကျနေချိန်မှာ
ကျန်တဲ့သားတွေက
ဗိုက်ဆာနေတဲ့ သူ့ကို
လက်မြှောက် ရွယ်ထားကြတယ်။
ဆိုးလှပါတယ် အမေရယ်။

သူတို့ဟာ အဲဒီလို လက်တွေမြှောက်
ကိုယ့်ညီလေးကို ရွယ်ထားပြီး
မထီတရီနဲ့ အမေ့ကို ဝိုင်းပတ်လျှောက်ကြ
အမေ့မျက်နှာ တည့်တည့်ကြည့် ရီကြတယ်
ဒါ အားလုံး အသိပါ။

အမေ့အိမ်ထဲမှာ
မုသားတွေ ကျယ်ကျယ်လောင်လောင် ဟိန်းလို့
အမှန်တရားဟာ နှုတ်ဆိတ်နေရသတဲ့
အဲဒါ ဟုတ်သလားအမေ။

ဖိနှိပ်သူတွေက
အမေ့ကို နေရာတကာမှာ ချီးမွမ်းပြီး
အဖိနှိပ်ခံတွေကတော့
အမေ့ကို စွပ်စွဲနေကြတယ်။
လှုယက်ခံရသူတွေက

အမေ့ကို လက်ညှိုးထိုးကြပြီး
လှယက်သူတွေကတော့
အမေ့အိမ်ထဲမှာ တည်ထောင်ထားတဲ့စနစ်ကို
ချီးမွမ်းနေကြတယ်။

အမေ့ အကောင်းဆုံးသားတွေရဲ့
သွေးတွေ စွန်းပေနေတဲ့
ခြုံလွှာရဲ့ အနားစွန်းကို
အမေဖုက်နေတာ
လူတိုင်းက မြင်ကြတယ်။

အမေ့အိမ်ထဲက ရန်ထောင်သံတွေ ကြားရတော့
လူတွေက ရယ်ကြတယ်၊
ဒါပေမဲ့ ဓားပြကပ်လာတဲ့အခါမှာ
အမေ ဓားလှမ်းဆွဲတာကို
ဘယ်သူမြင်လို့လဲ။

အို အမေရယ်
အမေ့သားတွေက
အမေ့ကို ဆင်ပေးလိုက်တာ
လူကြားထဲမှာ
အထင်သေးစရာ
ထိတ်လန့်စရာကြီး ဖြစ်နေပါပေါ့လား။ ။

အင်္ဂလိပ်လိုမှ ဘာသာပြန်သူ မောင်ချစ်ခင်

ဒီကဗျာကို ရေးသူ ဗားတော့ဘရက်(၁၈၉၈–၁၉၅၆)ဟာ ဂျာမဏီနိုင်ငံသားဖြစ်ပြီး ပြဇာတ်စာပေလောကမှာ သြဇာ အင်မတန် ကြီးမားသူ တယောက်ဖြစ်ပါတယ်။

သူရဲ့ ကဗျာတချို့ကို ***‘အနာဂတ်အတွက်ကဗျာ’*** ဆိုတဲ့ အမည်နဲ့ တင်မောင်အေးက ၁၉၇၀ ခုနှစ်မှာ ဗမာဘာသာပြန် ထုတ် ဝေခဲ့ဖူးပါတယ်။ အဲဒီကဗျာတွေဟာ မဆလစစ်အစိုးရကို စောင်းမြောင်းသရော်နေသလို ဖြစ်ခဲ့တဲ့အတွက် စာဖတ်သူအကြားမှာ အင်မတန် လူကြိုက်များခဲ့တယ်။ အဲဒီစာအုပ်မှာ ပါတဲ့ ကဗျာဆရာတင်မိုးရဲ့ အမှာစာမှာ “ဗားတော့ဘရက်၏ ကဗျာများကို ဖတ်ကြည့်ရ သောအခါ စစ်မောင်းသံကို ကြားလိုက်ရသကဲ့သို့ ကြက်သီးမွေးညှင်းထလာပါသည်။ ဆံပင်မွေးထောင်လာ ပါသည်။ ကဗျာများ၏ အသံ မှာ ဟိန်းလှပါသည်။ ကဗျာတေးသံမှ ဟုတ်ရဲ့လား၊ ကျည်ဆံတွေများလား၊ ဤသို့ခံစားမိပါသည်”လို့ ရေးထားပါတယ်။

# သည်မှာ ...
# မြေဇာပုံပြင်လေးတပုဒ်

မောင်လှဝင်း(မြင်းခြံ)

**နိဒါန်း**

* ကြည့်မြင်တိုင် ကျောင်းက
စာပြသူ ဆရာမ
စာသင်ယူသူ ကျောင်းသူ
သူတို့ကိုယ်နဲ့လက်တွေပေါ်
ဖြန်းကနဲ ရုတ်တရက်
မိုးထက်က သွန်းပက်ကာ
သွေးမိုးရွာလေရော့လား
သွေးရည်တွေ...သွေးစက်တွေ
စွန်းကွက်လူးပေ နီရဲသွား
အံ့အားသင့်ဖွယ်၊ တုန်လှုပ်ဖွယ်
ရင်ခုန်ခြောက်ခြား သွားကြတယ်...တဲ့။
(၂၀၀၅၊ မတ်လ ရေဒီယို သတင်းတပုဒ်မှ)

* ပြည်မြန်မာရဲ့
အနာဂတ် နိမိတ်ပေလော။
* 'ဒီပဲယင်း'ရဲ့
အတိတ်တစ္ဆေ၊ အရိပ်ပေလော။ ။

(၁)
* လွန်ခဲ့တဲ့နှစ်ခြောက်ဆယ်က
အစပြုကာ၊ ပြောရမှာပါ။

* တောင်ပေါ်မှာ ကျောက်ဖျာ
ကျောက်ဖျာထက်မှာ စေတီ
'တောင်ပေါ်ဦး စေတီ'တဲ့
တောင်ရဲ့အခြေ၊ ခင်းပြန့်မြေမှာ

'မြေဇာ'ဆိုတဲ့ ရွာကလေး
ပလွေတေးသံကလည်း သာ
အရိပ်အေးကလည်း ဖြာ
လေပြေကလေးတွေလည်း လာ
လယ်ကွက်လေးတွေပဒေသာ
ဝန်းကာရံကာနဲ့
ဒို့အညာမှာ
နေချင်စရာ ကောင်းခဲ့တယ်။

* တောင်ခြေရွာကလေး၊ 'မြေဇာ'မှာ မွေးတဲ့
'ထွေးလှ''ထွေးမြ'
ညီအစ်မ
အလှူပွဲမှာ ကွမ်းတောင်ကိုင်
ကာလသားတွေရဲ့ နှင်းဆီခိုင်
လသာည တောင်ယံစွန်းမှာ
အပြိုင်ထွန်းတဲ့ လနှစ်စင်းလို
ဝင်းဝင်းပပ လှကြသတဲ့။

* မြို့ပေါ်မှာ ခြိမ့်ခြိမ့်သဲ
ဆင်တွေ လူတွေ ကတဲ့ပွဲ
'မြေဇာ'ကလည်း ပါဝင်နွှဲ
အဲဒီနှစ်တုန်းကပေါ့။

* သူကြီးသား'စံပ'နဲ့'ထွေးလှ'က တတွဲ
ဆင်ကသူ 'မောင်ဉာဏ်'နဲ့ 'ထွေးမြ'က တတွဲ
အတွဲကိုယ်စီ၊ အချစ်ရည်ရွှန်းလဲ့
မျက်ဝန်းချင်းဆုံ၊ ရင်တွေခုန်ခဲ့ကြ
မေတ္တာဇာတ်လမ်း စသတဲ့။

* သုံးနှစ် သုံးမိုး၊ ချစ်ပင်တွေ ပျိုးခဲ့ကြ
ဝါလကင်းလွတ်၊ သီတင်းကျွတ်ချိန်
စပါးပေါ်ချိန် ငွေပေါ်ချိန်
ရက်ကောင်းရက်မြတ် တချိန်ချိန်မှာ
သူ့အိမ်ကိုယ့်အိမ်
နှစ်အိမ့်တအိမ်၊ တအိမ်တည်းပမာ
ပျူငှာစိတ်ဝမ်း၊ လက်ချင်းကမ်းလို့
ရွှေလမ်း ငွေလမ်း ခင်းမတဲ့။

* ဒီနှစ်ထဲမှာက
စံပနဲ့ထွေးလှ။
နောင်နှစ်ခါကျ
မောင်ဉာဏ်နဲ့ထွေးမြ
ထိမ်းမြားကြဖို့
မိဘစုံညီ၊ တူညီသဘော
မေးမြန်းပြောဆို ပြီးခဲ့ပြီ။

* စံပနဲ့ထွေးလှ၊ မနီးကြရသေး
အတွေးကိုယ်စီ အိပ်ရာထက်က
လသာညဆို အိပ်စက်မပျော်
တောင်ပေါ်သာတဲ့ ငွေလမင်းမှာ
မျက်နှာချင်းဆုံ။ ရင်တွေခုန်ကြ
ဝါလကင်းလွတ်
သီတင်းကျွတ်ချိန် မျှော်ကြတယ်။

(၂)

* မိုးဦး ရောက်စ၊ မှိုထွက်စ
တောတောင်ရှုန်းမြ၊ စိမ်းစိုစ။

* မာလာဖူးက တို့စရာ
ကင်ပွန်းရွက်က ဟင်းချက်စရာ
တောင်ပို့မှိုက နူတ်မြိန်စာ
ညနေစာ ဟင်းရှာထွက်ဖို့
ထွေးလှက တဘက်ကလေး ခေါင်းမှာဆောင်း
ထွေးမြက တောင်းကလေး ခါးစောင်းတင်

ထမီတိုတို စွန်တောင်ဆွဲ
တောင်အစွန်းက တောအစွယ်ကို
တေးချိုချို ဆိုကာ ညည်းကာနဲ့
ထွက်လာခဲ့ကြ၊ ညီအစ်မ။

* ဒီမှာဟေ့ မာလာဖူး
ဒီမှာလည်း ကင်ပွန်းရွက်
တောင်ပို့ထက်မှာ မှိုပွင့်တွေ
ကိုယ်ဦးရာ ကိုယ်ယူ၊ ကိုယ်တွေ့ရာ ကိုယ်ခူး၊
ခေါက်တုံ့လူးလာ
ဟိုခြံပြေးလိုက်၊ ဒီပင်ကူးလိုက်
ညီမနှစ်ဦး၊ ပျော်မြူးထက်သန်
ဝဲပျံ လိပ်ပြာလေးတွေနှယ်...။

* ရုတ်တရက် ချက်ချင်း
မိုးမင်းမျက်နှာ၊ မသာယာတော့
တိမ်လွှာတိမ်ခဲ၊ တိမ်ညိုမဲတို့
မှိုင်းညို့နက်ပြာ၊ ပြိုအံလာပေါ့။

* တချောက်ချောက် တချပ်ချပ်နဲ့
သေနတ်မောင်းတင်သံတွေ...။

* ရွှံ့နှစ် ပေကပ်၊ စစ်ဖိနပ်တွေ...။

* သုန်မှုန်တင်းမာ၊ ဖြူဝါနေတဲ့ မျက်နှာတွေ...။

* ကင်းပွန်းရွက်နု၊ ခူးမယ်ပြုနေတဲ့
ထွေးလှရဲ့လက်ဟာ
တုံ့ကနဲ တန့်သွားပါတယ်။

* မာလာဖူးကို၊ ခူးနေရာမှ
မော့လာတဲ့ ထွေးမြရဲ့ မျက်နှာ
ကြောက်လန့် ဖြူရော်သွားရှာတယ်။

* တတောင်လုံးငြိမ်၊ တတောလုံးတိတ်
လေသံလည်း တိတ်၊ ငှက်သံလည်း ဆိတ်
အရိပ်မည်းကြီး ကျလာပေါ့။

* စစ်ဆင် စစ်တက်၊ စစ်အကွက်အကွင်း
စစ်ခင်းကျင်းဖို့၊ တောင်ပေါ်သို့တက်လာတဲ့
ဂျပန်တပ်ခွဲနဲ့၊ အနီးကပ် ဆုံလိုက်ရ
ကံဆိုးလှတဲ့ ညီအစ်မ။

* ဓားရှည်လွယ်ထားတဲ့
ဂျပန်ဗိုလ်ကြီးရဲ့ မျက်နှာ
သမင်တွေ့တဲ့ ကျားပမာ
ပါးစပ်ကြီး ဟ ဟ လာပြီး
စပ်ဖြီးဖြီးနဲ့
တဟီးဟီး တဟားဟား ရယ်လိုက်တယ်။

* ပုကွကွ စစ်သားတွေလည်း
ဝါးကနဲ ပြိုင်တူရယ်လိုက်ကြ
ရယ်သံတွေ ဆူညံ၊ တောလုံးလျှံတော့
ငှက်လေးတွေ လန့်ပျံသွားကြ။

* စစ်ဦးဘီလူး၊ အစွယ်အပြူးသားနဲ့
ရမ်းကားခက်ထန်၊ ရာဂခိုးတွေမွှန်နေတဲ့
ဂျပန်ဗိုလ်ကြီး နှစ်ဦး။

*"အား"ကနဲ စူးစူးဝါးဝါး၊ အော်သံများ
တဟားဟားနဲ့ ရယ်သံများ
တွန်းသံလှဲသံ၊ ရုန်းသံကန်သံ
ကြိမ်းသံမောင်းသံ၊ ဆဲသံဆိုသံ
ရုန်းရင်းဆန်ခတ်အသံများ...။

* သည်နောက်မှာဖြင့်
ဆို့နင့်ကြေကွဲ၊ အသဲကြေမွ
နွမ်းလျဝမ်းနည်း၊ ချုံးပွဲချလို့
ငိုလိုက်ကြတဲ့ အသံများ...။

* ဂျပန်တွေ ဝင်တဲ့နှစ်က
တောင်ပေါ်မှာ ရေတိမ်နစ်ခဲ့ရ
ညီအစ်မ နှစ်ယောက်ရဲ့ အဖြစ်။

* မြက်ခင်းတွေ ကြေမွ
မျက်ရည်စက်လေးတွေ ကြွေကျ
ဟင်းရွက်လေးတွေ ဖိတ်အန်
တောင်းကလေးလည်း မှောက်လန်
တဘက်ကလေး ကင်းပွန်းချုံမှာငြိနေ
လေငင်ရာ ယိမ်းခါလို့
ငှက်ကလေးတွေလည်း ကြေကွဲရှာကြပေ့။

(၃)

* ဂျပန်တပ်က
တောင်ပေါ်မှဆင်းလာ၊ မြေဇာရွာထဲ ချဉ်းနင်း
စစ်ဗျူဟာ အခင်းအကျင်း၊ တောင်ပေါ်မှာမခင်း
မြေဇာရွာမှာ နင်းကြတော့
တရွာလုံး အုန်းအုန်းကြွက်ကြွက်ညံ
အိုးအိမ်တွေ မှောက်လှန်
ဖြောင်းဆန်အောင် ကြမ်းကြရမ်းကြ
ကြက်ဝက်ဖမ်းဆွဲ၊ ရွှေစလည်း ယူ
လူကိုလည်း ရိုက်၊ အိုးခွက်ရိုက်ခွဲ
မိုက်မဲဆိုးသွမ်း၊ ဘီလူးခန်း ပီပြင်လှတဲ့အဖြစ်
ဖက်ဆစ်ဖိနပ်အောက်မှာ
မြေဇာ ကြေမွ ခဲ့ပါတယ်။

* နောက်ပိုင်းကျတော့
ထွေးလှတယောက်၊ မြေဇာက ပျောက်သွားရှာ
လတွေ ကြာခဲ့ပေ့။

* ထွေးမြတယောက်၊ ကောက်ကာငင်ကာ
ဝေဒနာကပ်ငြိ၊ ပိန်ချိပက်လက်
အိပ်ရာထက်မှာ
ရက်ပေါင်းရှည်ကြာ
ခြောက်အိပ်မက်တို့ မက်နေရှာ။

* နွမ်းရော် ညှိုးကျ၊ ပန်းအလှဟာ
မလန်းလာတော့၊ စိတ္တဇရောဂါ
ကိုယ်တွင်းနာက
မရဏရွာ၊ ခေါ်သွားရှာပြီ။

* မောင်ဉာဏ်တယောက်
တက်တခေါက်ခေါက်နဲ့

ဆောက်တည်ရာမရ၊ ဆင်လည်း မက
စပါးခင်းလည်း မဆင်း၊ ကန်သင်းရိုးတောင် မနင်း
ထင်းလည်း မခွေ၊ သေရည်ကို ဖြေဆေးလုပ်ရင်း
တည္နေခင်းမှာ၊ မြေဇာရွာမှ
ပျောက်ချင်းမလှ၊ ပျောက်သွားရှာ
တသက်ပြန်မလာတော့ဘူးတဲ့။

✳ ထွေးလှ ပြန်လာနိုးနဲ့
မျှော်ကိုး စောင့်စားနေသူက စံပ။

(၄)

✳ 'စမုန်မြစ်'ဟိုဘက်ကမ်း
အလှမ်းဝေးတဲ့'မြင်းစိုင်းရွာ'
မြေဇာရွာနဲ့ မြစ်ခြားတောခြား
ကူးလူးသွားလာ၊ မရှိပါ။

✳ အင်္ဂလိပ်တို့ ဆုတ်ပြေးကြ
ဂျပန်နဲ့ ဘီအိုင်အေ
လိုက်တိုက်နေကြ၊ စစ်ကာလ
ကာလမကောင်းပေမယ့်
မြင်းစိုင်းဆိုတဲ့ရွာဟာ
စစ်လမ်းမကျခဲ့ပါဘူး။

✳ တောသူဌေးတဦးရဲ့ အလှူပွဲ
မြင်းစိုင်းရွာမှာ ဆင်ယင်နွဲတုန်းက
ကာလပျက်ထဲက ထူးထူးခြားခြား
ဇာတ်ငှားလို့ပွဲခင်း
မိုးအလင်း ကတဲ့ည
မြင်းစိုင်းသားတို့ မေ့မရ။

✳ နောက်ပိုင်းဇာတ်ကွက်၊ ဘီလူးထွက်ချိန်
ညဥ့်နက်သန်းကောင်ယံ
ဘီလူးဆိုင်းသံညံနေဆဲ
ရွာအစွန် အိမ်ဝိုင်းထဲ
မီးနေတဲ့မှာ
"အူဝဲ"သံလည်း ပေါ်ခဲ့တယ်။

✳ ဘီးလူးဆိုင်းသံ ညံတဲ့ည
ဘီလူးနက္ခတ်နဲ့ယှဉ်၊ မွေးလာရင်ဖြင့်
စိတ်တထင့်ထင့်နဲ့မောခဲ့နွမ်းခဲ့
ပင်ပန်းခဲ့တဲ့ မီးနေသည် ထွေးလှ
အူဝဲတဝိုဝို၊ အနီးတစိုစိုနဲ့
"ယောက်ျားလေးဟဲ့"
လက်သည်ရဲ့ အသံကြားလိုက်ရ
ဝမ်းနည်းရမှာလား၊ ဝမ်းသာရမှာလား
ဝမ်းသာဝမ်းနည်း မျက်ရည်ဝဲ။

(၅)

✳ အဝတ်ထုပ်ကလေးက တဖက်၊
ကလေးက တဖက်
ရှက်ရွံ့သိမ်ငယ်စွာ၊ ခေါင်းမဖော်နိုင်ရှာဘူး
မျက်နှာအောက်ချ
မြေဇာရွာကို ထွေးလှအဝင်
ရွာတံခါးနားက သရက်ပင်မှာ
စံပက နွားရှာအထွက်
ရှောင်မရ တိမ်းမရ
တည့်တည့်ပက်ပင်း ဆုံကြတယ်။

✳ မကြာပါဘူး
ဖက်ဆစ်ဘီလူး၊ မကျေဘူးဆိုပြီး
နာကြည်းစိတ်နဲ့၊ အံကြိတ်ရင်းက
စံပတယောက်ဟာ
မြေဇာကို ခွဲခွာ
မိဘနှစ်ဖြာကို ထားရစ်
အိုးပစ် အိမ်ပစ်၊ ရွာကို ပစ်ခဲ့
တော်လှန်စစ်ထဲ လိုက်သွားတယ်။

(၆)

✳ ပုရစ်ဖူးစ၊ ကျေးဥစ။
ရွက်လိပ်ဖြေစ၊ တပေါင်းလ။

✳ ဖတပလ

မြန်မာ့သွေးစည်းမှု၊ တပ်ပေါင်းစုဖွဲ့
တော်လှန်ခဲ့ပြီ။

* ဖက်ဆစ်တော်လှန်ရေး၊ သွေးအသက်တို့
ပေးဆက်စွန့်လှူ၊ အောင်ပွဲယူခဲ့ပြီ။

* ဝသန်မိုးဦး၊ ဟင်းရွက်ခူးထွက်စဉ်က
ရင်နာစရာဇာတ်ကွက်၊ ဒဏ်ရာမကျက်
နာနေလျက်က
အရိပ်မဲမလွှမ်းတဲ့ မိခင်ရဲ့မေတ္တာ
သားအပေါ်ချိုမြ ချိုသည်သာ။

* အမေတူသား
အသားဝင်းစို၊ ပြုံးချိုချို။

* အမေချစ်သား
စကားတီတာ၊ မပီကလာ
ပီကလာနဲ့
ကြင်နာတွယ်တာ ချစ်စရာ။

* သနားစာနာရာမှာ
မြေဇာတရွာလုံးညီကြ
ဟိုဟိုဒီဒီ မပြောဆို
အတိတ်ကို မလှန်၊ အဖြစ်မှန်ကို မဖော်
ထွေးလှအပေါ် ကောင်းခဲ့တယ်။

* ဂျပန့်သားလို့၊ စကားမဆိုရက်
ထွေးလှမျက်နှာ၊ ထောက်ထားစာနာ
ငဲ့ညှာခဲ့ကြ
"ထွေးလှရဲ့သား၊ ဒို့ရွာသား"တဲ့။

* ကလေးအချင်းချင်း၊ ကစားကွင်းမှာ
အချင်းများကြ၊ ရန်ဖြစ်ကြ
ထွေးလှသားဟာ ပွဲတိုင်းပါ။

* ရွာတလင်းထဲ၊ ကစားပွဲ
တုတ်တိုဆွဲရိုက်၊ ထိုးလိုက်ကြိတ်လိုက်
မိုက်မဲရမ်းကား ထွေးလှသား။

* ကစားဖော်ချင်း၊ မရိုင်းပင်းဘဲ
သူက ကဲပို၊ မာန်မဲဆဲဆို
အမြဲဗိုလ်လုပ်ချင်သတဲ့။

* ကြောင်ကလေး ခွေးကလေး၊ ရွာက မွေးထား
ထွေးလှသားလက်ချက်၊ အသက်ထွက်ကြ
ရက်ရက်စက်စက် သတ်သတဲ့။

* တခါသားမှာ
ရွှာသားချင်းချင်း၊ ရန်ခင်းဆိုဆဲ
ထိုးကြိတ်ပွဲမှာ၊ ဓားဆွဲလို့လိုက်
မိုက်သတ္တိပြ၊ ထွေးလှရဲ့သားဟာ
ကလေးသာသာ
အရွယ်တောင် မရောက်သေးပါဘူး။

* အမေတူဆိုပြီး၊ အချစ်ကြီးခဲ့ရ
ထွေးလှခမျာ၊ ခုအခါ
မလိမ္မာဘဲ၊ မိုက်မဲ ပြုမူ
သားဖြစ်သူ
အဖေကိုများ၊ တူလေမလား
စိတ်ခြောက်ခြားလို့
စဉ်းစားလာရ သားဗီဇ။

* လိမ္မာရေးခြား၊ ယဉ်ကျေးသွားအောင်
ကျောင်းထားစာသင်
ပဲ့ပြင်ဖေးမ၊ မိဆုံးမမှ
တန်ကာကျမည်
ထွေးလှ စဉ်းစားလာရပြီ။

* သားပညာရေး၊ စာသင်ပေးဖို့
ထွေးလှ ဈေးတောင်း ရွက်လေပြီ။

* ရွာရသမျှ
ငွေစခြစ်ကုပ်၊ သိမ်းဆည်းထုပ်
အလုပ်နဲ့လက် မပြတ်ပြီ။

* သားပညာရေး၊ ကျောင်းမဝေးဖို့ရာ

သားရဲ့နောင်ရေး၊ ကုန်ကူးကျွေးဖို့ရာ
ရွာကိုစွန့်လျက်၊ မြို့ကိုတက်
ထွေးလှ ခြေလှမ်းသွက်ခဲ့ပြီ။

(၇)

* သားရဲ့စရိုက်၊ မဆိုးမိုက်အောင်
ချော့လိုက် ခြောက်လိုက်၊ ပျော့လိုက် ထန်လိုက်
အော်လိုက် ငေါက်လိုက်၊ ဖျောင်းဖျလိုက်နဲ့။
သားမိုက်ဆိုးပေ၊ ငြိမ်ဝပ်လေအောင်
စာပေအံ့ကျက်၊ ကျောင်းမပျက်ဖို့
နေ့ရက်မပြတ်၊ တရစပ်
ကွပ်ညှပ်ခဲ့ရ၊ ထိန်းကျောင်းရ
ထွေးလှ ဖွံ့ကြီးခဲ့ရှာတယ်၊

* အမေ့ကြောင့်ပင်၊ စာမခင်ဘဲ
စာသင်ခဲ့ရ၊ ထွေးလှရဲ့သား
လူလားမြောက်လို့ အရွယ်ရောက်
ဆယ်တန်းရောက်လို့ ဂုဏ်ယူလောက်
ထွေးလှတယောက်
ဝမ်းမြောက်ဝမ်းသာ၊ ကြည်နူးရှာပြီ။

* ဝမ်းမြောက်လို့မှ၊ မဆုံးသေးပါလား
တနေ့သားတွင်၊ သားလုလင်
မိခင်ကို ပစ်၊ အိမ်ကို ပစ်
မိခင်ကိုပင်၊ မတိုင်ပင်
စစ်ထဲဝင်ကာ သွားပါရော။

* နှစ်ပေါင်းများစွာ
မိန်းမသားတန်မဲ့၊ ရှာဟဲ့ဖွေဟဲ့
ရုန်းကန်ခဲ့သမျှ...
သင်ဟဲ့ကြားဟဲ့၊ ပြုပြင်ခဲ့သမျှ...
ကျွေးမွေးပြုစု၊ ယုယခဲ့သမျှ...
ထားခဲ့ရ မျှော်လင့်ချက်
လှပတဲ့အိပ်မက်
တစစီ ပျက်ကြွေ၊ ရေစုန်မျောချေပြီ။

* မိခင်ကို ခြေကန်သွားသည်မျိုး
သတင်းဆိုး ကြားလိုက်ရ
ထွေးလှခမျာ၊ ရင်ကျိုးရှာပေါ့
မျက်ရည်တာရိုး၊ သွင်သွင်ကျိုးပေါ့
လမ်းဆိုးမိုက်မှောင်နေ၊ ခရီးရှည်မှာ
အဖေတူသား၊ လျှောက်လှမ်းသွားခဲ့
အားထားမရ၊ သည်သားလှကြောင့်
ဘဝမိုးချုပ် ခဲ့ပြီကော။

(၈)

* ဖက်ဆစ်ဂျပန်၊ တော်လှန်သည့်နှစ်မှ
ရေတွက်ရလျှင်
အနှစ်ခြောက်ဆယ် ပြည့်ခဲ့ပြီ။

* စစ်အာဏာရှင်စနစ်က၊ ဖက်ဆစ်ဆိုးမွေ
ရယူလေခဲ့
တပြည်လုံးကို ငရဲခန်းသွင်း
ညှင်းပန်းနှိပ်စက်ခဲ့တာ
ကြာလှချေပြီ
နှံ့နှစ်နေရ ဒို့တိုင်းပြည်။

* အငြိုးသည်းထန်၊ မိုးကြီးသွန်ချ
အုံ့ပျရီဝေ၊ မှုန်ပြာနေကာ
လွှမ်းစရာကောင်းတဲ့ နေ့တနေ့ပါ။

* မြေဇာရွာမှာ
တခါမှ မကြုံစဖူး၊ ထူးထူးခြားခြား
လာလိုက်တဲ့ကားတွေ
တောက်ပြောင်သားနား၊
ဇိမ်ခံကားတွေ များသလို
ဂျစ်ကား စစ်ကားနဲ့
စစ်သားတွေလည်း များသတဲ့။

* သဲနေတဲ့မိုး၊ ဘယ်အငြိုးလဲ
ထီးမိုးသူတွေရဲ့အလယ်မှာ
စစ်ဝတ်တန်ဆာ၊ တောက်ပြောင်စွာနဲ့
ရာထူးတံဆိပ်တွေ၊ ဝင်းလက်နေလျက်

မျက်နှာနွမ်းလျ၊ လွမ်းတသလျက်
ခြွေရံသင်းပင်း စုံလင်စွာ
ဗိုလ်ချုပ်တဦး ကြွရောက်လာတယ်။

* တောင်အစွန်းက
တောတန်းနဘေး၊ မြေဇာရွာရဲ့ သုသာန်လေး။

* သုသာန်လေးဆီ
တရွေ့ရွေ့ လှမ်းချီနေကြ
စည်ကားလှတဲ့ လူတန်းကြီး။

* အမေ့အုတ်ဂူမှာ
ကန်တော့ဖို့လာတဲ့
ဗိုလ်ချုပ်ရဲ့အလွမ်းဟာ
ကြေကွဲစရာမကောင်းပေမယ့်
တခမ်းတနားတော့ ရှိလေရဲ့။

* ဒေါ်ထွေးလှ အုတ်ဂူဟာ
ရွာကလေးနဲ့ မလိုက်
သုသာန်လေးနဲ့ မလိုက်
ဒီနယ်တဝိုက်မှာ
အထယ်ဝါဆုံး၊ အကြီးဆုံး။

* ရွာပြန်လို့ ခေါင်းချခဲ့တဲ့
ဒေါ်ထွေးလှရဲ့ အုတ်ဂူဟာ
တခါက ညီအစ်မနှစ်ဦး
ဟင်းရွက်ခူးခဲ့တဲ့ တောတန်းလေးနဲ့
အလှမ်းမဝေး သုသာန်ဘေး။

* ထွေးမြရဲ့ မြေပုံလေးလည်း
သုသာန်ထဲက တနေရာရာမှာ
ရှိနေမှာပါ။

* ကံဆိုးခဲ့ရသမျှ
ဘဝချင်းတူခဲ့ကြတဲ့
ညီအစ်မပေမယ့်
ဗိုလ်ချုပ်အမေ အုတ်ဂူနဲ့
သာမန်ရွာသူရဲ့ မြေပုံဟာ
ဘဝချင်း ကွာပေမှာပေါ့။

* ဒါတင်မက၊ ကွာခြားချက်က
များလှပါတယ် ဒေါ်ထွေးမြ။

* ဗိုလ်ချုပ်ကြီးလျှင်
မိခင်ကို ရည်စူး
တောင်ပေါ်ဦးစေတီတွင်
ရွှေထီးတင်မတဲ့။

* တောင်ခြေက ကွက်လပ်မှာ
ကျောင်းနဲ့စရပ်
မိုးပြတ်ရင် စဆောက်
ကုန်သလောက်လှူဒါန်းမတဲ့။

* ထမင်းရည်ချောင်းစီး
အလှူကြီးပေး၊ ရွာလုံးကျွတ် ကျွေးမွေးမတဲ့။

* တမလွန်မှ၊ အမေထွေးလှ
သားဒါနကို
အမျှယူနိုင်ချေမည်လား။

* ဇာတ်ကြောင်းစုံလင်၊ သားဖြစ်အင်ကို
မိခင်ထွေးလှ၊ မသိရ
သိရခဲ့လျှင်၊ ကြားခဲ့လျှင်
မိခင်သာဓု ခေါ်မည်လော။

(၉)

* စစ်ထဲကိုဝင်၊ စစ်မြေပြင်သွားခဲ့ရ
ပထမအခေါက်မှာပဲ
ရွာသားနှစ်ယောက် သတ်ခဲ့တယ်။

* ရှမ်းပြည် ဝပြည်၊ ပြည်နယ်တကာ
ရောက်လေရာတွင်၊ ခြေတော်တင်ခဲ့
မုဒိန်းကျင့်ခဲ့၊ စော်ကားခဲ့တာ
များလှစွာ
အဖေ့ခြေရာ နင်းခဲ့တယ်။

✳ တောမှာ တောင်မှာ၊ သူပုန်ရှာ
ဟိုရွာဒီရွာ သူပုန်ရှာ
မသင်္ကာရင် ထိတ်တုံးခတ်
တရစပ် ရိုက်နှက်၊ နှိပ်စက်ရုံမက
တချို့ကျရင်
ခေါင်းဖြတ်လို့ပင် သတ်သတဲ့။

✳ မီးရှို့ခဲ့တဲ့ရွာ၊ မနည်းပါဘူး
ပြာပုံပေါ်မှာနင်းခဲ့တဲ့
သူ့ရဲ့ခြေရာ၊ ထပ်ထပ်လာလေ
ရာထူးအဆင့် မြင့်လေလေ။

✳ ပြည်တွင်းစစ်ပြာပုံပေါ်မှာ
အာဏာပလ္လင် တည်ခဲ့တယ်။

✳ ပေါ်တာခတွေ၊ ဖြတ်စားနေရင်း
ငွေကြေးဖောသီ လာခဲ့တယ်။

✳ ဘိန်းကုန်သည်ဓားပြတွေက
ဝေစုပေးကြလို့
ရွှေစငွေစ ပေါ်ကြွယ်ဝ။

✳ တောထဲမှာ ဖြစ်ဖြစ်၊ မြို့ပြမှာ ဖြစ်ဖြစ်
သူပုန်ဖြစ်ဖြစ်၊ လူထုဖြစ်ဖြစ်
စစ်သားကိုင်တွယ်၊ ချိန်ရွယ်ပစ်ခတ်
သေနတ်ဆိုတာ
"မိုးကို မဖောက်၊ ရင်ကို ဖောက်"ဟု
မောက်မာစော်ကား၊ ဖက်ဆစ်စကားနဲ့
အလုပ်သမား လှုပ်ရှားမှု
ကျောင်းသားထု တိုက်ပွဲမှအစ
ရှစ်လေးလုံးအရေးအခင်းမှသည်
ဒီပဲယင်း လုပ်ကြံသတ်ဖြတ်မှုထိ
ဗမာပြည် လူထုကြီး
သွေးချောင်းစီးစေအောင်
လက်သံပြောင်တဲ့ ပါးကွက်သားထဲမှာ
သူဟာ
ထိပ်ဆုံးက ပါခဲ့တယ်။

✳ "တိုင်းရက်တဲ့ပက္ကလာ
မိုးရွာတာနဲ့အကိုက်"တဲ့။
✳ စစ်အာဏာရှင်တွေထဲမှာ
သူဟာ
တိုင်းရက်ထားတဲ့ ပက္ကလာအစစ်
ဖက်ဆစ်ကျင့်စဉ်၊ သင်မနေရ
ပုံစံကျ။

✳ ပြည်သူ့သွေးအိုင်ကွက်မှ
အာဏာတက်လာ၊ ရာထူးတက်လာ
စည်းစိမ်တွေတိုးလို့
ရွှေမိုးငွေမိုး ရွာခဲ့တယ်။

✳ ဖက်ဆစ်ဂျပန်တွေ၊ ဝင်ရောက်မွှေကြ
တချိန်တခါက မြေဇာရွှာ ကြေမွရသလို
ယခုချိန်ခါ၊ ခြေရာအထပ်ထပ်
စစ်ဖိနပ်တွေ၊ နင်းလို့ချေ
ဗမာပြည်ရွာ၊ ကြေမွနေပါပြီ။

✳ ဖက်ဆစ်သားက
ဖက်ဆစ်ဇာတိရုပ်နဲ့
ဗိုလ်ချုပ်တက်လုပ်တဲ့ဒီအဖြစ်
ဖက်ဆစ်သားကောင်ဘဝ
ကျရောက်ခဲ့ရ
ကံဆိုးလှတဲ့မိခင်ထွေးလှခများ
အမျှယူကာ၊ ဝမ်းမြောက်စွာနဲ့
သာဓုခေါ်နိုင်ပါမည်လား။

✳ ဒေါ်ထွေးလှ အုတ်ဂူနဲ့
မဝေးလှတဲ့တောင်အစွန်း
တောတန်းလေးမှာ ကြုံခဲ့ရ
မလှပတဲ့ ဒီဇာတ်လမ်းဟာ
ကြေကွဲစရာလား နာကြည်းစရာလား။

✳ လူမှုဘဝက
အတွေးအခေါ်ကို ပြဌာန်းတယ်ဆိုရင်
စစ်အာဏာရှင်စနစ် ရဲ့
ဆိုးညစ်တဲ့ ဗီဇ

သူ့ရုပ်ဘဝက
သနွေတည်မွေးဖွား၊ ကြီးထွားလာခဲ့တာပါ။

* သည်စနစ် သည်ခေတ်တွေထဲမှာ
မြေဇာနဲ့ထွေးလှ
ထွေးလှနဲ့သားဗိုလ်ချုပ်တို့ဟာ
သရုပ်ဆောင်တဲ့ ဇာတ်ကောင်များသာ။

* မြေဇာရဲ့ သည်ပုံပြင်
သင်မယုံလျှင်
ပုံပြင်လို့ပဲ မှတ်ယူပါ။

* သချောတာက
ဗမာပြည်ဟာ
မြေဇာနာခဲ့သလို
ပြည်ရွာနာနေရ
ကံကြမ္မာ မလှတဲ့အဖြစ်
စစ်အာဏာရှင်စနစ်
မှောင်ပိန်းမည်းညစ်၊ ဖက်ဆစ်ခေတ်။

**နိဂုံး**

* သေချာသည်က
စစ်အာဏာရှင်စနစ်
သွေးညစ်မည်းနက်၊ စွန်းထင်းလျက်။

* သေချာသည်က
ဗမာ့တပ်မတော်သည်
ပြည်သူ့တပ်မတော်မဟုတ်
သွေးပုပ်စီးပြန့်၊ သွေးမသန့်။

* အို…စစ်သည်တို့
သွေးရည်သွေးပုပ်၊ ဖောက်ထုတ်ပစ်ကာ
သန့်စင်ပါလော့။

* သမိုင်းစာမျက်နှာထက်၊ အမည်းကွက်ကို
ချေဖျက်ပြုပြင် ကြကုန်လော့။

* အမျိုးသားဂုဏ်ပုဒ်
သိမ်နုပ်ညှိုးနွမ်းရ
အောက်ကျနောက်ကျ
မျက်မှောက်ဘဝကို
ပြောင်းမှရမည်၊ ပြည်သစ်တည်လော့
ပြည်သူအပေါင်းတို့…။

* ဖက်ဆစ်ဂျပန်၊ တော်လှန်ခဲ့တဲ့
တမျိုးသားလုံးရဲ့ သွေးစည်းမှု
ယခုခေတ်မှာ
ပြန်လည်အသစ်တည်
ညီညွတ်ကြလော့ ထကြွလော့။

* ဖက်ဆစ်ဂျပန်၊ တော်လှန်အောင်ပွဲ
တိုက်ရဲလို့ ရခဲ့ကြ
တိုက်ရဲသောသတ္တိ၊ ပြည်သူမှာရှိကြောင်း
နီမောင်းသောသွေး ပြကြစို့။

* ဟိုတချိန်တပေါင်းလက
စခဲ့တဲ့ ခရီးရှည်
"အနီထဲက ကြယ်ဖြူပွင့်"
အလံတော်လွှင့်ခဲ့တာ
ခရီးမဆုံးသေးပါဘူး။

* 'ရွက်လိပ်ဖြေစ၊ တပေါင်းလ'တဲ့
ပုရစ်ဖူးပြီ၊ ကျေးညံပြီ
ကြည့်စမ်း…ဟောဟိုဆီမှာ
ဒီလှိုင်းပမာ လိမ့်တက်လာတဲ့
ရောမ လူထုကြီးနဲ့
ပျံသန်းနေတဲ့ အလံတော်များ
အံ့မခန်းလှပ၊ အားရစရာ
"အနီထဲမှ ကြယ်ပွင့်များ"
တပွင့်…နှစ်ပွင့်…
ဆင့်ကဲတိုးပွား ကြယ်ပွင့်များစွာ။

* ပုရစ်ဖူးမြဲ၊ ကျေးညံမြဲပါ
ဒို့မှာ အနာဂတ် ရှိပါတယ်။ ။

# ရေခဲသေတ္တာဆောင်းနဲ့ တပေါင်းနွေ

အောင်ငြိမ်း

ဟေမန်ဆောင်းရဲ့၊ ပျော့ပျောင်းအေးစက်
ညစ်ပေလက်နဲ့၊ ပွေ့ဖက်ဆုပ်ချေ
နွမ်းကြေနေ့များ၊ ရှည်လျားစွာလမ်းလျှောက်
တံတားအောက်ကရေတွေ ပုပ်အိုဟောင်းနွမ်း
ထမင်းကြမ်းတွေလည်း သိုးပြီ။

အချိန်ဆိုတာ ပျော်နေတဲ့ရေခဲတုံးလား
နက်မှောင်တဲ့သစ်ပင်များ ဆွတ်ဆွတ်ဖြူလို့သွား
ပြတင်းတခါးတွေ နံရံမှာတွဲလောင်းချိတ်
အိပ်နေတဲ့‘လေ’ သေနေတဲ့အနံ့
မသိုးမသန့် မျက်လုံးများ
ဘောင်းဘီအိတ်ထဲ တည့်လို့ထား။

နေ့စဉ်တရာ့လေးခေါက်၊ ခြောက်ပုဒ်ဂါထာ
ပါးစပ်မပါတဲ့ငါးများ၊ အရေပြားကွဲအောင်အော်ကြ
ခေါက်ရိုးကျ‘မိုဒယ်’တွေ
ကြိုးတန်းပေါ် ဆတ်တောက် ‘ကြွက်လျှောက်’လျှောက်ကြ
ရှုံ့တွလို့ရတဲ့ ဘောင်းဘီများ ခေါင်းဖီးရင်းရန်ဖြစ်ကြ။

ရေခဲသေတ္တာထဲ
အေးခဲမာတောင့် ငရုတ်သီးတောင့်များ
ပုံစံခွက်ထဲက ရေခဲဖုံးချော့ကလက်များ
မချဉ်တော့တဲ့ စပျစ်ဝိုင်များ
မလိုင်တုံးပုံ ဝက်အူချောင်းများ
ပြစ်ချွဲချွဲ ဝမ်းခေါင်းထဲ ညတိုင်းပဲညီလာခံ
ဝရန်းသုန်းကားဆောင်း ထီးဆောင်းလို့နေရဲ့

အပြင်ဘက်မှာ အပြင်ဘက်မှာပေ့ါ
တပေါင်းနွေရက် ပြိုးပြက်ဝင်းပ
ရေများကြာများ ပန်းများလမ်းများ
ရွက်နုရွက်သစ် ဖူးသစ်ရွှေရောင်
နေရောင်လရောင် ကြယ်ရောင်ထွန်းလင်း
ရင်တွင်းလှိုက်စား ကြိတ်မြဲ့ထားတဲ့
ခွန်အားတွေလဲ
ပေါက်ကွဲပွင့်အန် တော်လှန်ကြပေ့ါ။

နွေဦးဂိမှာန် လေထန်လှိုင်းမြူး
ပင်လယ်ကူးတဲ့ ဆောင်းခိုငှက်
အိမ်ပြန်ရက်လဲ နီးပြီလေ
မဟောင်းသေးတဲ့ အတိတ်
တပေါင်းသွေးရဲ့ အရိပ်
ရှင်သန်လှုပ်ရှား ဇာမဏီငှက်များ
မီးခဲကိုစား မုန်တိုင်းထဲမှာဖြတ်ပါလေ။

# "ရဲဘော်သို့တစ်ချင်း"

ဖိုးနီ

✳ ချစ်ရဲဘော်ရေ…
အကြွေစောလွန်းလှချည့်
နမြောတသ
မိုင်းသုန်တောင်မရဲ့ ရှိက်သံ
နာခံငြိမ်သက်
အိပ်စက်အနား ယူပါတော့။

✳ ဖြစ်နိုင်မယ်ဆိုရင်
သင်ကျဆုံးခဲ့သော
ထိုအင်ကြင်းတောစပ်၌
အမှတ်တရ
အုတ်ဂူလှလှတည်
လွမ်းသူပန်းခွေချ
အမျှဝေချင်ပါသည်။

✳ ရွှေလီ ရော
မဲဇာ တနံ့တလျား
ခြေရာများထပ်
မရပ်မနား
သစ္စာတရား ရှာပုံတော်ဖွင့်
ယုံကြည်ချက်ဖြင့် ရွက်လွှင့်သူ…။

✳ ပကတိ ရိုးသား
စိတ်ထားဖြူစင်
ပြည်သူတွေရဲ့ ရင်ထဲမှာ
သင်ဟာ…
ထုံရီမွှေးမြ
ထာဝရပွင့်လန်း
နလုံးလှ ပန်းတပွင့်ပင် ဖြစ်တော့…။

* ပြည်သူတွေက ချစ်
ပြည်သူကို ချစ်တဲ့

ကွန်မြူနစ်…သင်
ချစ်တဲ့ဇနီး
သမီးနဲ့ သား
ချစ်အားပိုလည်း
ပစ်ထားသလို ဖြစ်ခဲ့၏။

* ဖက်ဆစ်ဂျပန်
လုံ့စွပ်ဖျားမှာ…သင်ဟာ
ရင်တချက်မခုန်
နှလုံးတချက်မတုန်
စူးရှတဲ့ မျက်လုံးအစုံနဲ့
ရန်သူကို တုန်လှုပ်စေခဲ့တယ်။

* သတ္တိ စွန့်လွှတ်မှု
သင့်ရဲ့ မွန်မြတ်မှုအတွက်
တုန့်ပြိုင်းစရာ
ငါဖွေရှာဆဲ…။

* အမှောင်ထုသိပ်သည်း
ခရီးလမ်းမ
ညွှန်ရပ်ပြသည့်
အလင်းတစပမာ
ကြင်နာနွေးထွေး
သင်ကမ်းပေးသောလက်
ဆွဲယူတက်
ရှေ့ဆက်…။ ။

(ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေးအတွင်းမှ အာဇာနည်များသို့ အမှတ်တရ)

# ဖက်ဆစ်တော်လှန်ရေး အမှတ်တရ

## ဝင်းတင့်ထွန်း

***(တော်လှန်ရေး မစမီ ... )***

- ရဲဘော်သိန်းတန် ... တဲ့
  တော်လှန်တဲ့ သူ့ရဲကောင်းဟာ
  ခေါင်းတခြား ကိုယ်တခြား
  ဖက်ဆစ်များရဲ့ ဓားချက်အောက်
  မတွန့် မဖောက် စတေးခံ
  အမိနိုင်ငံအပေါ် သစ္စာရှိ
  စစ်ကိုင်းတံတားကြီး သိပါတယ်
  ရောဝတီ ငိုခဲ့ရတဲ့နေ့ အဲဒီနေ့
  ဘယ်တော့မှ မမေ့ကြဘို့ မှတ်တမ်းတင်ထားပါ။

- လက်ပံတန်း ဦးဘတင်ကနေ
  သခင် သခင်မ
  အာရှလူငယ်များ အပါအဝင်
  ရဟန်းရှင်လူ အမြောက်အမြား
  ကင်ပေတိုင်များရဲ့ လက်ချက်အောက်
  အသက်ပျောက်ခဲ့ရတာတွေလဲ မနည်းလှ
  ရင်နာစရာ ကောင်းလှတယ်။

***(တော်လှန်ရေး နိဒါန်း)***

- ပဲခူးစံပြတပ်ရင်းက
  တပ်ရင်းမှူး ဗိုလ်ကျော်ဇောရဲ့ ကုတင်ပေါ်မှာ
  သခင်စိုးနဲ့ ဗိုလ်ချုပ်အောင်ဆန်း
  ရည်မှန်းချက် ရှိရှိ ရည်မှန်းကြရာက
  ဖတပလ ဆိုတဲ့ သန္ဓေသား
  ဖက်ဆစ်လုံ့စွပ်ကြားမှာ အခြေတည်
  ကလလရေကြည် စခဲ့တယ်။

- ကွန်မြူနစ်ပါတီ
  ဗမာ့တပ်မတော်

ပြည်သူ့အရေးတော်ပုံ ပါတီ
ဟန်ချက်ညီညီ ပေါင်းစည်း
ဖဆပလကြီး ပေါ်ထွန်းလာခဲ့တယ်။

**(တော်လှန်ရေးကြီးအတွင်း)**

- လွတ်လပ်မှ အမျှဝေပါ ... တဲ့
ကြေကွဲစွာ မှာကြားရင်း
အံကိုတင်းပြီး အသက်ပေး
မော်ကွန်းရေးသွားကြတဲ့ အာဇာနည်တွေဟာ
ဟောဒီတော်လှန်ရေးကြီးထဲမှာပါ။

- ငါတို့ အရိုးပုံတွေပေါ်မှာ ...
ခေါင်းပေါင်းစတွေ တထောင်ထောင်နဲ့
နိုင်ငံရေးခေါင်းဆောင်တွေ စည်းစိမ်ခံ
တော်လှန်ရေး အပေါ် သစ္စာဖောက်
လွတ်လပ်ရေးလမ်းကြောင်း ပျောက်ခဲ့ရရင်
ရောက်ရာဘဝကနေ ကမ္ဘာမကြေ
လက်စားချေသွားမယ်ဟော့လို့ ကျိန်စာတိုက်
သေနတ်ကိုပိုက်ပြီး စစ်မြေပြင်အတွင်း
ရင်မြေကတုတ်ခင်းပြီး ရှေ့ကိုတက်
အသက်နဲ့လဲပြီး စွန့်ခဲ့ကြ
ကျဆုံးသွားကြတဲ့ သူရဲကောင်းတွေဟာ
ဟောဒီတော်လှန်ရေးကြီးထဲမှာပါ။

- နိုင်ငံရေးသမား
တပ်မတော်သား
အလုပ်သမား လယ်သမား
ကျောင်းသားနဲ့ ရဟန်း
နိုင်ငံတဝှန်းက မျိုးချစ်တွေ
ကျရာနေရာက ပါဝင်ပြီး
ဟောဒီတော်လှန်ရေးကြီးအတွင်း စွန့်ခဲ့တာ
အမိဗမာပြည်ရဲ့ လွတ်မြောက်ရေး
လောကပါလနဲ့ ဖြဟ္မစိုရ်တရား
တရားမျှတမှုနဲ့ နိုင်ငံတော်
ပေါက်ဖွား ပေါ်ထွန်းလာရေး ဖြစ်ပါတယ်။

(တော်လှန်ရေးအပြီး – လွတ်လပ်ရေးကြီးနောက် … )

- ဖက်ဆစ်တော်လှန်ရေးကြီးရဲ့ ဂုဏ်အရှိန်နဲ့
  အဟုန် တထိန်ထိန် ဆက်ပြီးသွေး
  လုံးဝလွတ်လပ်ရေးဆီ ဆက်ပြီးရှု
  မျက်မှောက်ပြုနိုင်ကြတော့တဲ့ အချိန်မှာ
  … … … … … …

- ပထမဆုံးသော လွတ်လပ်ရေးနေ့ အထိမ်းအမှတ်
  အလံတော် တဖျတ်ဖျတ် စင်မြင့်ထက်
  အကျအန တက်ပြီး ထိုင်နေကြ
  လွတ်လပ်သော မြန်မာနိုင်ငံတော် အစိုးရတဲ့ … တဲ့
  ခေါင်ပေါင်းစ တထောင်ထောင်နဲ့
  အဆောင်အယောင်တွေ အပြည့်ဆွဲ
  အိမ်ရွှေကြီးတခွဲသားနဲ့ လူတွေထဲ
  ဖက်ဆစ်တော်လှန်ရေးအတွင်းက ပါဖူးသူ
  ရှေ့တန်းအခန်းက ပါဖူးသူ
  လူဆယ်ဦး ပြည့်အောင်တောင် မရှိ – ဆိုပါကလား။

- လွတ်လပ်ရေး ကြေညာပြီးစ
  ဖက်ဆစ်တော်လှန်ရေးနေ့ ညစာစားပွဲကြီး
  စားပြီးလို့မှ လက်မခြောက်သေးခင်
  ရင်နာစရာ မိုက်ရိုင်း
  သမိုင်းတကွေ့ အဖြစ်
  … … … … …
  ပြည်တွင်းစစ် …
  … … … …
  တရားခံအစစ်တွေဟာ ဘယ်သူလဲ။

- ဖက်ဆစ်တော်လှန်ရေးရဲ့ သူရဲကောင်း
  နိုင်ငံသားကောင်းတချို့
  သူပုန်လို့အမည်တွင်
  သောင်းကျန်းသူလို့စာရင်းတင်
  ကမ္ဘည်းဆင်သွားခဲ့ရ
  ရိုင်းလှတဲ့အဖြစ်
  တရားခံအစစ်တွေက ဘယ်သူလဲ။

- ခုအချိန်ထိလဲ
  ကြေကွဲစရာ အဖြစ်ဆိုးနဲ့

ရင်ကျိုးစရာချည်း ကြုံနေရ
ဖက်ဆစ်ဟောင်းကနေ ဖက်ဆစ်သစ်
စစ်အာဏာရှင် စနစ်အလီလီရဲ့ လက်အောက်
မိုးမသောက်နိုင်သေးတဲ့ နိုင်ငံတော်
လင်းကြက်ဆော်ဘို့ ဝေးနေဆဲ
ရောင်နီပေါ်ဘို့ ဝေးနေဆဲ
... ... ... ...

- ဖက်ဆစ်တော်လှန်ရေး သူရဲကောင်းတို့ရဲ့ ကျိန်စာ
  မှာတမ်း –
  ရည်မှန်းချက် – –
  ပျက်ခဲ့ပြီလော – ပြည့်ပြီလော
  အတိတ်တောအုပ်ထဲက ပွဲတင်သံ
  တညံညံကြားနေရ
  မတ်လရောက်တိုင်း ပိုကျယ်လာ ...

- ဟိုတုန်းက –
  ဖက်ဆစ်တော်လှန်ရေးရဲ့ အောင်ပွဲကို
  အရှက်နည်းသူတွေက အချောင်ပိုက်
  ကြောင်တောင်နိုက်တာ ခံခဲ့ရသလို
  အခုကျတော့
  စစ်ခေးပြတွေက မောင်ပိုင်စီး
  တော်လှန်ရေးနေ့ကြီးရဲ့ နေရာ
  စစ်တပ်နေ့ကြီးပါလို့ အတင်းထူ
  သူခိုးက လူလူဟစ်
  ဖက်ဆစ်
  လက်သစ် ...

- မူလဖက်ဆစ်တော်လှန်ရေးကြီးရဲ့ ပွဲတင်သံ
  တကျော့ ပြန်ကြားရဆဲ ...
  ဒုတိယ ဖက်ဆစ်တော်လှန်ရေးကြီးအတွက်
  ရက်ချိန်းထပ်မံ ရွှေးကြရဦးမလား
  သမိုင်းဒဏ်ရာများနဲ့ အမိပြည်
  မျက်ရည်ရှိုက်သံ မဆုံးနိုင်သေးပါတကား။

ဝင်းတင့်ထွန်း
၁၈ – ၁ – ၂၀၀၅